# ကမ္ဘာ့

## သာသနာသတင်း

**အာဖရိက အရှေ့အလယ်ပိုင်းဒေဝီဇံ**

**၂၀၁၀ ခုနှစ်၊ ပထမ သုံးလပတ်**
**(ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ)**

အသင်းတော်အတွင်းကန့်သတ်

## “စုံစမ်းခြင်း၌ ရပ်တည်ဘို့ရန် ယုံကြည်ခြင်း”

ဇန်နဝါရီလ ၂ ရက်၊ ၂၀၁၀ ခုနှစ်

ပါစတာလွှန်းသည် ဘူရန်တီ (Burundi) နိုင်ငံ၏ အရှေ့မြောက်ပိုင်းတွင်နေထိုင်ပါသည်။ ၎င်းအရပ်တွင်ခရစ်ယာန် ဘုရားကျောင်း အနည်းငယ်သာရှိပါသည်။ အများစုမှာ မယုံကြည်သူများဖြစ်ကြပါသည်။ပါစတာလွှန်းကို ၎င်းအရပ်တွင်အသင်းတော်အသစ်တည်ထောင်ဘို့ရန် စေလွှတ်ခြင်းခံရပါသည်။ အကယ်၍ သူ့အနေဖြင့်မြော်လင့်ခြင်းအသင်းတော်မှ ဓမ္မဆရာတစ်ဦးဖြစ်ကြောင်းကို အခြားသူများသိရှိသွားပါက မနာလိုမှုများဖြစ်ပေါ်ပြီးသူ့အားအမျိုးမျိုးအနှောက်အယှက်ပေးမည်ကို သိရှိထားပါသည်။ ထို့ကြောင့် သူ့အနေဖြင့်ခရစ်တော်၏အကြောင်းကို ဖေါ်ပြဘို့ အခွင့်အရေးတခုခုကို မျှော်လင့်နေပါသည်။

### *ဖိတ်ခေါ်ခံရခြင်း*

မယုံကြည်သူအများစုနေထိုင်သည့် နေရာများတွင် အချို့ခရစ်ယာန်အသင်းတော်များမှ ဦးဆောင်ပြီး ခရစ်ယာန်တို့၏ ယုံကြည်ချက်များကိုအားလပ်ရက်များတွင် ဆွေးနွေးပွဲများပြုလုပ်ကြပါသည်။ သင်းအုပ်ဆရာလွှန်းအနေဖြင့် ထိုဆွေးနွေးပွဲများသို့တက်ရောက်ခြင်း မပြုရန်ဆုံးဖြတ်ထားသော်လည်း တနေ့သူလျှောက်နေသောလမ်းနဘေးတွင် ဆွေးနွေးပွဲတခုကျင်းပနေပြီး အသံချဲ့စက်မှတဆင့်စကားသံအချို့ကို သူကြားလိုက်ရပါသည်။ အကြောင်းအရာမှာ “လက်ဝါးကပ်တိုင်တွင်အသေခံခဲ့သောသူမှာခရစ်တော်လော၊ ကုရေရေနေပြည်သားရှိမုန်လော” ဆိုသည့် အကြောင်းအရာဖြစ်နေသဖြင့် သိလိုစိတ်ပြင်းပြပြီး ဆွေးနွေးပွဲကိုရပ်လျှက်နားထောင်ခဲ့ပါသည်။ ခရစ်ယာန်ကျမ်းစာကျောင်းတခုမှကျောင်းသားများနှင့် မယုံကြည်သူပရိသတ်များ ငြင်းခုံဆွေးနွေးနေကြပုံကိုတွေ့ရှိရပါသည်။ မယုံကြည်သူ ပရိသတ်ကြီးကလည်း ကျမ်းချက်အထောက်အထားများကိုတောင်းဆိုကြသော်လည်း ခရစ်ယာန်တို့ဘက်မှ ကျမ်းချက်အထောက်အထားအတိအကျမပြနိုင်သဖြင့် မယုံကြည်သူများ၏ တင်ပြချက်များသည်မှန်သယောင်ယောင်ရှိနေပါသည်။

### *နှုတ်ကပတ်တော်နှင့်ကာကွယ်ခြင်း*

သင်းအုပ်ဆရာလွှန်းက စကားပြောဘို့အခွင့်ကိုတောင်းဆိုပြီး “ကျနော်သည် ခရစ်ယာန်တစ်ဦးဖြစ်ကြောင်း သမ္မာကျမ်းစာမှကျမ်းချက်တချို့ကို ဖတ်ပြပြီး ကုရေနေ



ပြည်သားရှိမုန်သည် ပရိသတ်ထဲမှ ခရစ်တော်၏ လက်ဝါးကပ်တိုင်ထမ်းဘို့ ရွေးချယ်ခံရသောသူဖြစ်ကြောင်းနှင့် လက်ဝါးကပ်တိုင်ပေါ်အမှန်တကယ် အသေခံသူမှာ ခရစ်တော်သာဖြစ်ကြောင်းကို ပရိသတ်ကိုရှင်းပြပြီး ဓမ္မဟောင်းကျမ်းမှအသေခံမည့် ခရစ်တော်အကြောင်းနှင့်ပတ်သက်သော အနာဂတ္တိ စကားများကိုဖတ်ပြပြီး ဓမ္မသစ်ကျမ်းထဲတွင် အမှန်တကယ်အသေခံခဲ့သူမှာ ခရစ်တော်သာလျှင်ဖြစ်ကြောင်း၊ ဓမ္မဟောင်းကျမ်းမှဟောကြားခဲ့သည့် အနာဂတ်စကားများ ပြည့်စုံစေခဲ့ကြောင်းကို ရှင်းလင်းစွာ တင်ပြခဲ့ပြီး ပရိသတ်ကိုလည်း ဘုရားရှင်၏ သမ္မာကျမ်းထဲမှ ကယ်တင်ခြင်းသတင်းစကားများလေ့လာဘို့ရန်ဖိတ်ခေါ်ခဲ့ပါသည်။

စည်းဝေးပွဲကိုကျင်းပနေသူများထဲမှ ခေါင်းဆောင်တဦးကလည်း သူ့အားတဦးစီအတွက်အသေခံခဲ့သော ခရစ်တော်အကြောင်းကျမ်းစာထဲတွင် အထောက်အထားရှိပါသလားဟု လွှန်းအားမေးလိုက်ရာ အနာဂတ္တိကျမ်းစကားထဲမှ ဟေရှာယ ၅၃း၅ ထဲတွင် “ထိုသူသည်ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကို ဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည်အနာပျောက်လျှက်ရှိကြ၏။” ဟုထိုကျမ်းချက်ကိုဖတ်ပြပြီး အသေးစိတ်ရှင်းလင်းပြပါသည်။ ပရိသတ်များထဲမှ တီးတိုးပြောဆိုသံများကြားလိုက်ရပြီး ပထမဦးစွာ မယုံကြည်သူများဘက်သို့ ယုံကြည်ခြင်းယိမ်းယိုင်နေသူများပင်လျှင် ခရစ်တော်ကိုယုံကြည်လက်ခံလာကြပါသည်။

မယုံကြည်သူများဘက်မှဦးဆောင်ဆွေးနွေးနေသောခေါင်းဆောင် မှာလည်း လွှန်း၏တင်ပြချက်များကိုမည်သို့မှငြင်းခုံခြင်းမပြုတော့ဘဲ ပရိသတ်နှင့်အတူလွှန်းအားအခြားမေးခွန်းများကို ဖြေကြားပေးမည်ဖြစ်ကြောင်း သမ္မာကျမ်းစာမှ အသေးစိတ်သိလိုသောအချက်များကို လေ့လာသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

### *အသင်းတော်ဖြစ်ပေါ်လာဘို့မျိုးစေ့များ*

လွှန်းသည် ကျမ်းစာကိုလေ့လာလိုသူမိတ်ဆွေများထံ အလည်အပတ်ပြုကာကျမ်းစာကိုလေ့လာကြပါသည်။ အများသောသူများမှာ လွှန်း၏ သက်သေခံဝေမျှမှုကြောင့် ခရစ်တော်နောက်လိုက်များဖြစ်လာပြီး များမကြာမီ လအနည်းငယ်အတွင်း အဖွဲ့ငယ်အဖြစ် လွှန်း၏အိမ်တွင် စုရုံးဝတ်ပြုကိုးကွယ်ပြီး သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်အသစ်တခု တည်ထောင်ဘို့ ပြင်ဆင်လျှက်ရှိပါသည်။

ယနေ့တွင် ယုံကြည်သူ ၃၀ ဦးနှစ်ခြင်းခံယူလျှက် အသင်းတော်အတွင်းရောက်ရှိနေကြပြီးအသင်းတော်မြေတကွက်ကို ဝယ်ယူကာ ကျောက်တုံး များနှင့်

အဆောက်အဦးကို မွမ်းမံကာ ဘုရားဝတ်ပြုကိုးကွယ်နေကြပါသည်။ အိမ်များ၌ အဖွဲ့ငယ်များနှင့်ဘုရားဝတ်ပြုနေကြသကဲ့သို့ ပတ်ဝန်းကျင်ရွာများတွင်လည်း ယုံကြည်သူများ စုရုံးလျှက် ဝတ်ပြုစည်းဝေးများကျင်းပနေကြပါသည်။ ခရစ်တော်သခင် ကယ်တင်ရှင်ကို မသိသေးသူများအား တချိန်တည်းမှာပင် ယုံကြည်ခြင်းကို ဝေမျှလျှက်ရှိပါသည်။

၎င်းဘူရန်တီ (Burundi) နိုင်ငံလေးတွင် လူဦးရေ ၇၈ ဦးတွင် သတ္တမနေ့ အသင်းသားတစ်ဦးရှိနေပါပြီ။ ခရစ်တော်၏ချစ်ခြင်းမေတ္တာ သတင်းစကားကိုဝေငှဖြန့် ဝေဘို့ ၁၃ ပတ်စီမံကိန်းကို ဝိုင်းဝန်းကူညီမစအကောင်အထည်ဖေါ်ပေးကြဘို့ရန် တိုက်တွန်း နှိုးဆော်လိုက်ပါသည်။

-----o-----

## “သီချင်းတပုဒ်နှင့် စာအုပ်တအုပ်”

ဇန်နဝါရီလ ၉ ရက်၊ ၂၀၁၀ ခုနှစ်

ဘူရန်တီ (Burundi) နိုင်ငံအတွင်း စစ်ပွဲများပြီးဆုံးခဲ့ပြီ။ ‘စီလက်စတင်’ ဆိုသည့်လူငယ်လေးတစ်ဦးသည် အထက်တန်းကျောင်းတွင် ပညာများကို သင်ကြားလျှက်ရှိပါသည်။ သူ၏အိမ်ကိုချန်ထားခဲ့ရပြီး နှစ်အနည်းငယ်ဒုက္ခသည် စခန်းတွင်နေထိုင် ခဲ့ရပါသည်။

တနေ့ လူအချို့က ဒုက္ခသည်စခန်းအတွင်း “ဥပုသ်နေ့သည်ငြိမ်သက်စွာအနား ယူရသောနေ့ဖြစ်သည်” ဆိုသည့်သီချင်းကို သီဆိုနေသံကို စီလက်စတင်း ကြားရသည့် အခါ ဤသီချင်းကသူ့အားငြိုးငွေ့ဘွယ်ကောင်းသော ဒုက္ခသည်စခန်းအတွင်း ဆွဲဆောင်မှု အပြည့်ရှိသော သီချင်းတပုဒ်ဖြစ်ခဲ့ရပါသည်။

### ယုံကြည်ခြင်း မီးလျှံ

စီလက်စတင်းသည် အမျိုးသမီးငယ်တစ်ဦးနှင့်လက်ထပ်ပြီး ဒုက္ခသည်စခန်း ပတ်ဝန်းကျင်တွင်နေထိုင်နေစဉ် တနေ့ ဧည့်သည်တဦးအိမ်သို့ရောက်ရှိလာပြီး ကျမ်းစာကို အတူတကွလေ့လာခွင့်ပေးဘို့တောင်းဆိုခဲ့ပါသည်။ စီလက်စတင်းကလည်း သိရှိလိုစိတ်ပြင်းပြစွာဖြင့် လက်ခံခဲ့ပါသည်။ သမ္မာကျမ်းစာကိုအတူတကွလေ့လာခဲ့ရာ ဘုရားရှင်အကြောင်းကို ပိုမိုသိရှိခွင့်ရရှိခဲ့ပါသည်။ မေးခွန်းများစွာကိုမေးခဲ့ပြီး ဘုရားရှင်၏ အလိုတော်များကို ကျမ်းစာထဲတွင်ရှာဖွေလေ့လာခဲ့ကြပါသည်။ လေ့လာတွေ့ရှိချက် များကိုအခြားဘာသာ ဂိုဏ်းဂနများထံသွားရောက်လည်ပတ်ပြီး ဝေငှ သက်သေခံခဲ့ ပါသည်။

နောက်ဆုံးတွင် သူသည်ကြည်ညိုလေးစားဘွယ်ရာ အဖွဲ့အစည်းတခုနှင့်



ဆက်သွယ်ခဲ့ပါသည်။ ၎င်းအဖွဲ့ခေါင်းဆောင်သည်သူ၏ ဘုရားရှင်အပေါ်တည်ကြည် သစ္စာရှိမှုကို တွေ့မြင်ပြီးသာမန်အမှုဆောင်ဧဝံဂေလိဆရာတဦးအဖြစ် ခန့်အပ်လိုက် ပါသည်။ ထို့နောက်သူ့အား လက်တင်မင်္ဂလာပေးပြီး အသင်းတော်ဧဝံဂေလိဓမ္မဆရာ တဦးအဖြစ်ခန့်အပ်ခဲ့ပါသည်။

### သွေးဆောင်သောစာအုပ်

တနေ့တွင် စီလက်စတင်း သည်လူတဦး၏လက်ထဲတွင် မိမိ၏တိုင်းရင်းသား ဘာသာစကားဖြင့် ရေးသားထားသော ‘အမှားအမှန်တိုက်ပွဲကြီး’ (The Great Controversy) စာအုပ်ကိုတွေ့လိုက်ရပြီး ၎င်းစာအုပ်ကိုအလွန်စိတ်ဝင်စားသွားကာ ၎င်းပုဂ္ဂိုလ်ထံမှခေတ္တငှားဖတ်ဘို့ရန်တောင်းဆိုခဲ့ပါသည်။ ထို့နောက်သူသည် ၎င်းစာအုပ် ထဲမှရုပ်ပုံများနှင့်စာမျက်နှာများကို မိတ္တူကူးယူထားပြီး စိတ်ဝင်စားမှုအပြည့်အဝနှင့် လေ့လာခဲ့ပါသည်။

လေ့လာသောအခါ တနင်္ဂနွေနေ့သည် ဘုရား၏သန့်ရှင်းသောဥပုသ်တော်နေ့ မဟုတ်ကြောင်း၊ လူတို့စီမံပြုလုပ်ထားသောဥပုသ်ဖြစ်ကြောင်းတွေ့ရှိရသောအခါ အစ ပထမတွင် မိရိုးဖလာစောင့်ခဲ့သော တနင်္ဂနွေနေ့ကိုစော်ကားသလိုဖြစ်ပြီး စိတ်ဆိုးခဲ့သော် လည်းလွန်ခဲ့သော နှစ်များက ဒုက္ခသည်စခန်းအတွင်းကြားခဲ့ရသောသီချင်း “ဥပုသ်နေ့ သည်ငြိမ်သက်စွာအနားယူရသောနေ့” ဆိုသောသီချင်းကိုပြန်လည်သတိယခဲ့ပါသည်။

သူရရှိသောစာအုပ်ထဲမှ အမှန်တရားများကိုတွေ့ရှိကာ ဘုရားရှင်၏ဥပုသ်နေ့ ကိုစောင့်ရှောက်ဘို့ ဆုံးဖြတ်ချက်ချခဲ့ပါသည်။

သူ့အနီးနား ပတ်ဝန်းကျင်တွင်သတ္တမနေ့ဥပုသ်စောင့်သောသူတဦးမျှ မရှိသော်ငြားလည်း သူ၏မိသားစုဆွေမျိုးများကို သူ၏အိမ်တွင်ဘုရားရှင်၏ ဥပုသ်နေ့ကို သစ္စာရှိစွာစောင့်ရှောက်ဘို့ ခေါ်ဖိတ်ခဲ့ပါသည်။ သူ၏မိတ်ဆွေများကို ဝေငှသက်သေခံ ခဲ့ပါသည်။

### ရှာဖွေခြင်း

ဤအဖွဲ့ငယ်လေးသည် လေးလခန့်အတူတကွဥပုသ်နေ့ကိုစောင့်လာခဲ့ကြပြီး အသင်းတော်တခုသီးသန့်တည်ထောင်ဘို့အစီအစဉ်ကို စီလက်စတင်း အားပြောပြ တိုင်ပင်ကြပြီး သူ့အားကျမ်းစာအတိုင်းစောင့်ရှောက်သော ဥပုသ်နေ့အသင်းတော်ကို ဦးဆောင်ဘို့ရန် တာဝန်ပေးအပ်ခြင်းခံရပါသည်။

တနေ့ စီလက်စတင်းသည် ဈေးထဲတွင်လျှောက်သွားရင်း သူငယ်ချင်းအချို့နှင့် တွေ့ပြီး စစ်မှန်သောဥပုသ်နေ့အကြောင်းကိုဝေငှသက်သေခံပြီး ဥပုသ်အမှန်ကို

စောင့်ရှောက်သူများအား ရှာဖွေလျှက်ရှိကြောင်း ပြောပြရာ သူငယ်ချင်းများက သူ၏အိမ်နှင့် ၂ နာရီခန့်လမ်းလျှောက်သွားပါက ဥပုသ်နေ့ကိုစောင့်ရှောက်သည့် အသင်းတော်ရှိကြောင်း ပြောပြရာ ဥပုသ်နေ့တနေ့တွင်နံနက်စောစောလမ်းလျှောက်ပြီး သွားရောက်ရှာဖွေခဲ့ရာ ဥပုသ်စောင့်သူများနှင့် တွေ့ဆုံခဲ့ပါသည်။ စီလက်စတင်း ကလည်း သူတို့ဘုရားရှင်၏ ဥပုသ်နေ့ကို စောင့်ရှောက်နေကြသောအဖွဲ့ငယ်လေး၏အကြောင်းကို ပြောပြပြီး သင်းအုပ်ဆရာမှ ခရစ်တော်နောက် သစ္စာရှိစွာလိုက်ဖို့ရန် နှစ်ခြင်းမင်္ဂလာ ခံယူလိုသလော ဟုမေးခဲ့ရာ စီလက်စတင်းကဖိတ်ခေါ်မှုကို လက်ခံခဲ့ပါသည်။

## *ဝမ်းမြောက်ဖွယ်ရာ သတင်း*

စီလက်စတင်းက ဘုရားရှင်၏ပညတ်တော်အတိုင်း စောင့်ရှောက်သောအဖွဲ့အစည်းကိုမိမိတွေ့ရှိခဲ့ကြောင်း အလုံးစုံကိုပြန်လည်ပြောပြပြီး သူတို့အသင်းတော်၏အမည်မှာ သတ္တမနေ့အသင်းတော်ဖြစ်ကြောင်း ကျမ်းစာ၏သွန်သင်ချက်များကိုတသွေမတိမ်းလိုက်လျှောက်သောအဖွဲ့အစည်းဖြစ်ကြောင်းကို ပြန်လည်ပြောပြပြီး ရှေ့အပတ်ဥပုသ်နေ့တွင် ၎င်းအဖွဲ့အစည်းရှိသည့်နေရာသို့ သွားရောက်ကာ သူတို့နှင့်အတူတကွဝတ်ပြုစည်းဝေးပြီး သမ္မာကျမ်းစာကို အတူတကွလေ့လာကြပါသည်။ ထို့နောက် စီလက်စတင်းနှင့် အဖွဲ့သားများ နှစ်ခြင်းမင်္ဂလာကိုခံယူကာ သူတို့နေထိုင်သည့်အရပ်တွင်ကမ္ဘာအနှံ့သာသနာပြုအမှုဆောင်များအဖြစ်ဝင်ရောက်ပြီး ဘုရားရှင်၏ချစ်ခြင်းမေတ္တာနှင့်သမ္မာတရားကို မိမိတို့နေထိုင်ရာပတ်ဝန်းကျင်၌ သက်သေခံလျှက်ရှိပါသည်။ ရွှံ့နွံတုံးနှင့်လုပ်ထားသော ဘုရားကျောင်းကိုဆောက်လုပ်ပြီး ဘုရားဝတ်ပြုကိုးကွယ်လျှက်ရှိပါသည်။

ဘုရားရှင်သည် ယနေ့နည်းလမ်းပေါင်းစုံကို အသုံးပြုလျှက် သမ္မာတရားကို လူသားများထံရောက်ရှိနိုင်ဘို့ လုပ်ဆောင်လျှက်ရှိပါသည်။ သီချင်းတပုဒ်နှင့် စာအုပ်တအုပ်ကြောင့် စီလက်စတင်၏ အသက်တာပြောင်းလဲသွားခဲ့ပါသည်။

ကျွန်ုပ်တို့ သာသနာ့အလှူငွေသည် စာအုပ်စာပေများနှင့်သာသနာလုပ်ငန်းများလုပ်ဆောင်ရန် ခရစ်တော်ထံသို့လူသားများကိုပို့ဆောင်နိုင်ရန် ကမ္ဘာအနှံ့သာသနာပြုအမှုဆောင်များအတွက် အသုံးပြုသွားရန်ဖြစ်ပါသည်။ သင်တို့တဦးစီ၏ ပေးကမ်းမှုအတွက်အထူးကျေးဇူးတင်ပါသည်။

-----o-----

## ခေါင်းမာသည့် ပြုစားတတ်သောဆရာဝန်

ဇန်နဝါရီလ ၁၆ ရက်၊ ၂၀၁၀ ခုနှစ်

ဆိုင်မွန်(Simon) သည် ဘူရန်ဒီ(Burundi) နိုင်ငံအရှေ့ဖက်တွင်နေထိုင်ပြီး



ပရိုတက်စတင့် ခရစ်ယာန်မိသားစုမှ ကြီးပြင်းလာသူတစ်ဦးဖြစ်ပါသည်။ သူသည်မှော်အတတ်ပညာများကို ကျွမ်းကျင်သောဆရာဝန်တဦးနှင့်တွေ့ဆုံခဲ့ပြီး ထိုသူက မှော်အတတ်ပညာများကိုသူ့ထံတွင်ဆည်းပူးလေ့လာဘို့ နတ်ဆိုးများကို အောင်မြင်နိုင်သောတန်ခိုးကို ရရှိမည်ဖြစ်ကြောင်းပြောပြသည့်အခါတွင် ဆိုင်းမွန်သည် ထိုအတတ်ပညာများကိုသင်ကြားရန် သဘောတူလက်ခံခဲ့ပါသည်။ ထို့နောက် ၎င်းမှော်အတတ်ပညာဆရာဝန်က ဆိုင်းမွန်အား တောထဲသို့စေလွှတ်ပြီး မှော်အတတ်ပညာများကိုအသုံးချရန် ဆေးပင်အချို့နှင့်မှော်အတတ်များတွင်အသုံးပြုရန် တုတ်ချောင်းများကိုရှာဖွေခိုင်းခဲ့ပါသည်။

ထို့နောက် မှော်အတတ်ပညာများကိုဆည်းပူးလေ့လာသင်ကြားပြီး မှော်အတတ်ပညာဆရာဝန်က ဤအတတ်ပညာများသည်သင့်အားနတ်ဆိုး၏တန်ခိုးနှင့် ကြိမ်ခြင်းအမင်္ဂလာများမှကာကွယ်နိုင်ကြောင်း ကတိပေးခဲ့ပါသည်။

## *ဖွဲကောင်းသောသူငယ်ချင်း*

အချိန်ကြာလာသည်နှင့်အမျှ ဆိုင်းမွန်သည်ဘုရားကျောင်းသို့ တက်ရောက်ဝတ်ပြုခြင်းမသွားတော့ပေ။ သူငယ်ချင်း ဆင်မြူရယ်သည်ခရစ်တော်ကိုယုံကြည်သူတဦးဖြစ်ပါသည်။ သူငယ်ချင်းနှစ်ဦး မိမိတို့၏ယုံကြည်ချက်များကိုအချိန်ယူပြီး ဆွေးနွေးပြောဆိုကြပါသည်။ ဆိုင်းမွန်သည်သူ၏ သူငယ်ချင်းဆင်မြူရယ်အား မှော်အတတ်ကိုကျွမ်းကျင်သောဆရာဝန်တဦးဖြစ်လာဘို့ စည်းရုံးသလို ဆင်မြူရယ်ကလည်း သူ၏သူငယ်ချင်းများကိုဘုရားရှင်ထံ ပြန်လာဘို့ စည်းရုံးကြပါသည်။

တစ်နေ့သောအခါတွင် ဆင်မြူရယ်သည် သတ္တမနေ့အသင်းတော်သို့ ရောက်ရှိခဲ့သည့်အကြောင်း၊ ထိုအသင်းတော်တွင်အသက်တာ၌ တခါတရံမျှမကြားဘူးခဲ့သည့်အမှန်တရားများကို ကြားသိရပြီး ယခုသူ၏အသက်တာခရစ်တော်ထံ ဆက်ကပ်အပ်နှံပြီး နှစ်ခြင်းခံယူတော့မည့်အကြောင်းနှင့်သူငယ်ချင်း ဆိုင်မွန်အားလည်း မှော်အတတ်ပညာများကိုစွန့်ပစ်ပြီး ခရစ်တော်နောက်သို့လိုက်ဘို့ရန် ဖိတ်ခေါ်ခဲ့ပါသည်။

ထိုအခါသူငယ်ချင်း ဆိုင်မွန်မှာ စကားပြောဘို့ငြင်းဆန်ခဲ့ပြီး သူငယ်ချင်း ဆင်မြူရယ်နှင့်ရက်အတန်ကြာစကားမပြောခဲ့ပေ။ သို့သော်လည်း သူငယ်ချင်း ဆင်မြူရယ်မှာ လုံးဝအရှုံးမပေး ဖွဲမလျှော့ဘဲ သူငယ်ချင်းဆိုင်မွန်ထံ ရောက်ရှိလာပြီး ခရစ်တော်အကြောင်းကိုပြောပြပါသည်။ ဝမ်းနည်းကြေကွဲစွာဖြင့် “သူငယ်ချင်း၊ မင်းခရစ်တော်ထံပြန်လှည့်မလာရင် မင်းရဲ့ဘဝလမ်းဆုံးက အလွန် ကြေကွဲစ ရာနဲ့ ကြုံတွေ့ရမည့်အကြောင်းကို” ပြောပြသော်လည်းသူငယ်ချင်းဆိုင်မွန်မှာ မှော်အတတ်

ပညာများကိုမစွန့်လွှတ်နိုင်ကြောင်းနှင့် အိပ်ရာအောက်နှင့်ကြမ်းပြင်တွင်တွေ့ရသည့် မှော်အတတ်ပညာတွင်အသုံးပြုနေသော တုတ်၊တောင်ဝှေးများသည် ရန်သူများလက်မှ ကျွန်ုပ်မိသားစုများကိုကာကွယ်ပေးနေကြောင်း ဆင်မြူရယ်ကိုပြောပြနေပါသည်။

## *စိန်ခေါ်မှုကြီး*

တနေ့တွင် ဆိုင်မွန်သည် ဆင်မြူရယ်အား သင်သည်ဤမြေပဲနှင့်ကန်ဇွန်းဥများကိုမီးဖိုတွင်ကင်၍ ချက်ပြုတ်စားပါက အမှန်တကယ်သေဆုံးမည်ဖြစ်ကြောင်းပြောပြရာ ဆင်မြူရယ်သည် ဆိုင်မွန်အား ဘုရားရှင်သည်ကျွန်ုပ်တို့အား မကောင်းသောဝိညာဉ်ဆိုးများမှ ကယ်တင်နိုင်ကြောင်းကိုပြောပြပြီး သူတကယ်စားပြမည့်အကြောင်းပြောရာ ဆိုင်မွန်က“မစမ်းပါနဲ့ သူငယ်ချင်း၊ မဟုတ်ရင်မင်းတကယ်သေသွားနိုင်တယ်” ဆိုပြီး သတိပေးစကားကိုပြောကြားသော်လည်းဆင်မြူရယ်သည်ဘုရားရှင်ထံ “အို၊ ဘုရားသခင် ကျွန်ုပ်၏သူငယ်ချင်းဆိုင်းမွန်၏ ယုံကြည်ချက်များသည်မှားယွင်းသည့်အကြောင်း ဘုရားရှင်သူငယ်ချင်းကို ကာကွယ်မှုပေးပြီး ဘုရား၏တန်ခိုးတော်ကို တွေ့ရှိသွားဘို့ ဆုတောင်းပြီး မြေပဲနှင့်ကဇွန်းဥများကို ဆိုင်းမွန်၏မီးဖိုတွင်ချက်ပြုတ်ပြီးယူ၍ စားပြပါသည်။ ထိုအခါသူငယ်ချင်းဆိုင်းမွန်မှာ ကြောက်လန့်စွာကြည့်နေပြီး ဆင်မြူရယ်မည်သို့ဖြစ်မည်နည်းဟု ကြည့်နေသော်လည်း သူငယ်ချင်းဆင်မြူရယ်မှာ မည်သို့မှမဖြစ်ဘဲ အိမ်သို့ပြန်သွားသည့်အခါသူ၏သူငယ်ချင်းမှာ နောက်တဖန်မည်သို့မှမတွေ့ဆုံနိုင်တော့ဘဲသေဆုံးမည့်ကံကြမ္မာကိုသာ မျှော်လင့်နေသော်လည်း ဆင်မြူရယ်မှာ သူငယ်ချင်းထံရက်အနည်းငယ်ကြာသောအခါ အလည်အပတ်ရောက်ရှိလာပြီး ဘုရားရှင်၏တန်ခိုးတော်သည် ဝိညာဉ်ဆိုးများကိုအောင်မြင်နိုင်ကြောင်း ပြောပြသောအခါ ဆိုင်းမွန်သည် အမှန်တကယ်ယုံကြည်လက်ခံသွားပါသည်။

ဘုရားရှင်တဦးတည်းသာ မှော်အတတ်များမှ လူသားများကိုကာကွယ်ပေးနိုင်ကြောင်းသူငယ်ချင်းဆိုင်းမွန်အား နူးညံ့သိမ်မွေ့စွာပြောပြပြီး ဘုရားရှင်ကို ကိုးစားခိုလှုံဘို့၊ဘုရားရှင်ကိုခိုလှုံသူများကို ဘုရားရှင်သည် ဝိညာဉ်ဆိုးများလက်မှ ကာကွယ်ပေးပြီး သင်လိုအပ်သောအရာများကိုလည်း စီမံပေးမည့်အကြောင်းပြောပြပါသည်။

## *ဘုရားရှင်၏လမ်းညွှန်မှုကိုတွေ့မြင်ခြင်း*

ထိုနေ့ညတွင်ဆိုင်းမွန်၏ အသက်တာသည်အိပ်၍မပျော်နိုင်ဖြစ်နေပြီး အိပ်ရာထဲတွင်လူးလိမ့်နေခဲ့ပါသည်။ သူ၏စိတ်ထဲတွင်မေးခွန်းပေါင်းများစွာရှိနေပြီး ဖြေပေးဘို့ရန် အဖြေကိုလည်းအလိုရှိပါသည်။ လပေါင်းများစွာမဖတ်ဘဲ စွန့်ပစ်ထားသည့်ဖုန်တက်နေသောသမ္မာကျမ်းစာကို အိပ်ရာနံဘေးတွင်တွေ့လိုက်ရသောအခါ



ရုတ်တရက်လှမ်းယူလိုက်ပြီး ကျမ်းစာကိုဖွင့်လိုက်သောအခါ ဟောရှေအနာဂတ္တိကျမ်း ၄း၁၂ ကိုရုတ်တရက် မျက်လုံးရောက်ရှိသွားရာ “ငါ့လူတို့သည် သစ်သားနှင့်တိုင်ပင်တတ်ကြ၏။ သူတို့၏တောင်ဝှေးသည်အကြံပေးတတ်၏။ သူတို့သည်လမ်းလွဲ၍ မိမိတို့ဘုရားသခင်ထံမှာမနေ၊ မှားယွင်းတတ်ကြ၏” ဆိုပြီးဖတ်လိုက်ရသည့်အခါတွင် ဆိုင်းမွန်တစ်ယောက်အလွန်ကြောက်လန့်သွားပါသည်။ ဤကျမ်းချက်သည် သူ့အားတိုက်ရိုက်လက်ညှိုးထိုးပြီးပြောနေကြောင်းသိရှိပြီး ဘုရားရှင်သည် ဆင်မြူရယ်အား ကယ်တင်နိုင်ကြောင်းကိုပြန်လည်သတိယမိနေပါသည်။

ရက်အနည်းငယ်ကြာသောအခါ ဆင်မြူရယ်သည်သူ၏သူငယ်ချင်းထံသို့ပြန်လည်ရောက်ရှိလာပြီး “သူငယ်ချင်းမင်းကို ငါ့ရဲ့ယုံကြည်ခြင်းနဲ့သမ္မာတရားအကြောင်းကိုပြောပြမယ်၊ အဲဒီအကြောင်းကို သတ္တမနေ့အသင်တော်ဘုရားကျောင်းမှာ ကျွန်ုပ်တွေ့ရှိခဲ့ကြောင်း သင်လဲကျွန်ုပ်နှင့်အတူလိုက်ပါပြီး သမ္မာတရားအတိုင်းအသက်ရှင်ပြီး ဘုရားကိုပြန်လည်ဝတ်ပြုကိုးကွယ်ဘို့ ခေါ်ဖိတ်ခဲ့ပါသည်။ သူငယ်ချင်းဆိုင်းမွန်ကလည်း ယမန်နေ့ညက သူ၏အဖြစ်အပျက်များကို ဆင်မြူရယ်အားပြန်ပြောပြပြီး မှော်အတတ်များကိုကိုးစားခြင်းကိုယခုမှစ၍ ရပ်ဆိုင်းလိုက်ကြောင်း၊ ဘုရားရှင်ကိုသာ ဆက်လက်ကိုးစားသွားမည့်အကြောင်းကို ပြောပြပြီးမှော်အတတ်များကိုပြုလုပ်ရာတွင် အသုံးပြုနေသောလက်နက် တန်ဆာပလာများကို မီးရှို့ဖျက်စီးလိုက်ပါတော့သည်။ ထို့နောက် ဆိုင်းမွန်နှင့်သူ၏ဇနီးသည်တို့သည် သတ္တမနေ့အသင်းတော် ဘုရားကျောင်းနှင့် ဆက်သွယ်ပြီး သမ္မာကျမ်းစာကို သင်ယူကာနှစ်ခြင်းခံယူခဲ့ကြပါသည်။

ယနေ့တွင် သူငယ်ချင်းနှစ်ဦးဖြစ်သည့် ဆိုင်းမွန်နှင့်ဆင်မြူရယ်တို့သည် ‘ဘူရန်ဒီ’ အရှေ့ပိုင်းဒေသတွင် ပျောက်ဆုံးနေသောဝိညာဉ်များကိုအတူတကွလက်တွဲပြီး ရှာဖွေလုပ်ဆောင်လျှက် ရှိပါသည်။ ယနေ့သာသနာအလှူငွေများသည် ဘုရားရှင်၏မေတ္တာတော်နှင့်ကာကွယ်မှုကို လူသားများသိရှိလာဘို့ရန် အသုံးပြုသွားပါလိမ့်မည်။ သင်တို့၏ပေးကမ်းစွန့်ကြဲပါဝင်မှုကို အထူးကျေးဇူးတင်ပါသည်။

-----o-----

## “ချေးငှားခဲ့သောစာအုပ်”

ဇန်နဝါရီ ၂၃ ရက်၊ ၂၀၁၀ ခုနှစ်

ဘူရန်ဒီ နိုင်ငံမြောက်ပိုင်း တနေရာတွင် တဲအိမ်ငယ်လေးတလုံးအတွင်း ဘီနိုက်ဆိုသူ အလုပ်လက်မဲ့ပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏ဘဝလမ်းခရီးမည်သို့မည်ပုံ ခရီးဆက်ရမည့်အရေးကို တွေးတောကာ အုတ်နံရံတဘက်မှောက်ရိပ်ကိုခိုပြီး ဘဝခရီးတိုက်ပွဲ၏ ပင်ပန်းနွမ်းနယ်ခြင်း ကျရှုံးမှုအမျိုးမျိုးကြောင့် ပင်ပန်းနွမ်းနယ်လျှက်ရှိနေပါသည်။

ဘီနို့က်၏ မိဘနှစ်ပါးစလုံး သေဆုံးပြီးနောက် သူနှင့်အတူညီငယ်တစ်ဦးနှင့် ညီမငယ်တဦးကျန်ရစ်ခဲ့ပါသည်။ သူသည်အရက်ဆိုင်တခုတွင်အလုပ်လုပ်နေရပြီး သူ့ဘဝသည် အရက်သောက်စားခြင်း၊ ကခုန်ခြင်းတို့ဖြင့်သာ ဘဝကိုလျှောက်လှမ်းနေပြီးညတညတွင် အင်အားကုန်ခန်းလျှက် သူ၏ရေဒီယိုဒိုင်ကွက်ကိုလှည့်ပြီး မိမိ၏စိတ်ရှုပ်ထွေးမှုများကိုဖျေဖျောက်ဘို့အတွက် တေးဂီတလိုင်းတလိုင်းကိုရှာဖွေနေပါသည်။ သို့သော် ရေဒီယိုမှသူဖမ်းမိခဲ့သောလိုင်းမှာမူ ဘာသာရေးအသံလွှင့်လိုင်းကိုကြားနေရပြီးထိုညတွင် သူ့စိတ်ထဲတွင်ပြင်းပြသောဆန္ဒနှင့်တကွဘုရားရှင်၏ ငြိမ်သက်ခြင်းကိုတောင့်တလျှက်ရှိပါသည်။

## အသစ်သော မြော်လင့်ခြင်း

ရေဒီယိုမှဘာသာရေးအစီအစဉ်များကို တဝက်တပျက်နားထောင်ပြီး ရေဒီယိုမှစကားသံများသည် သူ့ဘဝအတွက်ငြိမ်သက်ခြင်း အပြည့်အဝရရှိသလိုခံစားနေရပြီး ဘုရားရှင်အကြောင်းကိုပိုမို၍ သိရှိလိုစိတ်ပြင်းပြနေပါသည်။ အရက်ဆိုင်တွင် သူ၏အချိန်များကို ရေဒီယိုမှလွှင့်သည့် ဘာသာရေးအစီအစဉ်များကိုနားထောင်ခြင်းဖြင့်သာအချိန်ကုန်လွန်စေခဲ့သည်။ ဘုရားကျောင်းကိုတက်ဘို့ရန်လည်းဆန္ဒမရှိခဲ့ပေ။ သူ၏အိမ်ထောင်ရေးမှာလည်း အရက်သေစာများကြောင့်ပြိုကွဲခဲ့ရပါသည်။

တညနေတွင် “ဘီနို့က်၏မိတ်ဆွေတဦး သူ့ထံသို့ရောက်ရှိလာပြီး ရေဒီယိုမှတရားဟောချက်များကို အတူတကွနားထောင်ကြပြီး တရားဟောဆရာ၏ဟောပြောမှုကြောင့်နှစ်ဦးသားလန့်ဖြန့်တုံလှုပ်သွားကြပါသည်။ ဘီနို့က်က သူ၏သူငယ်ချင်းအား “သူငယ်ချင်း ဒီအရာကတကယ်အမှန်တရားလား ဒါမှမဟုတ်ရင် ဒီပုဂ္ဂိုလ်ပြောနေတဲ့စကားတွေကရီစရာ စကားလုံးတွေလား” ဟုမေးလိုက်ရာ သူငယ်ချင်းက “ဒါကရီစရာစကားတွေမဟုတ်ဘူးကွ၊ သူပြောတဲ့စကားတွေကသမ္မာကျမ်းစာနဲ့ကိုက်ညီနေပါလား” ဖြေလိုက်ရာ ဘီနို့က်ကအံ့အားသင့်လျှက် “ကျမ်းစာ” ဟုတ်လား၊ သူငယ်ချင်းမင်း ကျမ်းစာဖတ်သလား၊ ကျွန်ုပ်ရဲ့ဘုန်းတော်ကြီးကကျနော်တို့ကို ကျမ်းစာဖတ်ခွင့်မပေးကြောင်းကိုပြောပြရာ၊ ဘီနို့က်၏သူငယ်ချင်းက တည်ငြိမ်စွာဖြင့်၊ “သမ္မာကျမ်းစာဆိုဒါ ဘုရားရှင်ရဲ့ သတင်းစကားတွေကိုကျွန်ုပ်တို့အတွက်ပေးထားခြင်းဖြစ်ကြောင်း၊ ကျမ်းစာကိုဖတ်ဘို့ရန်ဘုရားအလိုရှိကြောင်း ဖတ်မှသာဘုရားအလိုတော်များကို သိရှိလာမှာဖြစ်ကြောင်း၊ ကျွန်ုပ်၏ကျမ်းစာကိုဖတ်ဘို့သင်ငှားလိုသလောဟု မေးလိုက်ရာ ဘီနို့က်က ဟုတ်ကဲ့ငှားပါမည်ဟုဆိုပြီး သူငယ်ချင်း၏စာအုပ်ကိုဖတ်သောအခါ သူနှစ်သက်သောကျမ်းပိုဒ်များကို သေချာစွာမျဉ်းသားပြီး အချို့ကျမ်းပိုဒ်များသည် သူ၏အသင်းတော်မှသွန်သင်ချက်များနှင့်မတူဘဲ၊ ကွဲပြားနေကြောင်း သတိထားမိပါသည်။



ထို့နောက်ဘီနို့က်သည် ကိုယ်ပိုင်ကျမ်းစာအုပ်တအုပ်ကို ဝယ်ယူလိုက်ပြီးနှစ်သက်သောကျမ်းပိုဒ်များကိုပြန်လည်သတိယရန်မျဉ်းသားမှတ်သားထားပါသည်။

သမ္မာကျမ်းစာသွန်သက်ချက်အတိုင်း လိုက်လျှောက်သော အသင်းတော်ကိုလည်းလိုက်ရှာမည်ဟု ဆုံးဖြတ်ချက်ချထားပါသည်။ ထို့ကြောင့်အသင်းတော်တခုပြီးတခုသွားရောက်လည်ပတ်ကာ ရှာဖွေနေခဲ့ရာ သောကြာနေ့တညနေတွင် ရေဒီယိုအစီအစဉ်မှတရားဟောဆရာသည် ဘုရားရှင်၏စစ်မှန်သောဥပုသ်နေ့ကို လူသားများကသတ္တမနေ့မှပထမနေ့သို့ပြောင်းလိုက်သည့်အကြောင်းသမ္မာကျမ်းစာမှကျမ်းချက်များကိုလည်းဖေါ်ပြပေးသည့်အခါ ဘီနို့က်သည် ကျမ်းစာကိုဆွဲယူပြီး တကယ်ဟုတ်မဟုတ်တိုက်ကြည့်ပါသည်။ ဘုရားရှင်သည်သူ့အား ဥပုသ်နေ့အမှန်ကိုစောင့်ထိန်းဘို့ရန်အလိုရှိကြောင်းသိရှိလာပါတော့သည်။

သတ္တမနေ့အသင်းတော်မှထုတ်လွှင့်သောရေဒီယို အစီအစဉ်ဖြစ်ကြောင်းကိုသိရှိရပြီး ဤအသင်းတော်သို့သွားရောက်ကာ ထိုသူများသည်သမ္မာကျမ်းစာမှအမှန်တရားများကို တကယ်လိုက်လျှောက်ကျင့်သုံးခြင်းရှိမရှိလေ့လာဘို့ဆုံးဖြတ်လိုက်ပြီး သူ့အိမ်နှင့်အလှမ်းမဝေးသောနေရာတခုတွင် သတ္တမနေ့အသင်းတော်ဘုရားကျောင်းကိုသွားရောက်လည်ပတ်ကာ သူတို့ သတင်းစကားများကိုနားထောင်လေ့လာပြီး ဘုရားရှင်သည်သူ့အားအမှန်တရားကိုဟောပြောသော အသင်းတော်ကိုညွှန်ပြခဲ့ကြောင်းနားလည် သဘောပေါက်ကာ သူ၏စိတ်နှလုံးကို ဘုရားထံ ဆက်ကပ်အပ်နှံကာနှစ်ခြင်းမင်္ဂလာကိုခံယူခဲ့ပါသည်။

## *အနာဂတ်ကိုရင်ဆိုင်ခြင်း*

သို့သော်ဘီနို့က်၏အသက်တာတွင် ခရစ်တော်ကိုလက်ခံပြီးနောက် စာတန်၏ပစ်ခတ်သောမြှားနှင့်နာကျင်မှုအမျိုးမျိုးကိုခံစားခဲ့ရပါသည်။ သူ့ဆုံးဖြတ်ချက်ကြောင့်အကိုကြီးဖြစ်သူသည် အလွန်စိတ်ဆိုးပြီး မြော်လင့်ခြင်းအသင်းသားဖြစ်သွားသူ ဘီနို့က်ကိုအဆိပ်ခတ်သတ်ခဲ့သော်ငြားလည်း ဘုရားရှင်သည်သူ့အားကာကွယ်ပေးခဲ့ပါသည်။ တကြိမ်ထက်မက ယဉ်တိုက်မှုကိုခံခဲ့ရပြီး အသက်ဘေးမှဘုရားရှင်သည် သူ့အားကာကွယ်ပေးခဲ့ပါသေးသည် ။

တခါကလည်း ဈေးထဲတွင်ငွေကြေးများစွာ ပျောက်ဆုံးခဲ့ပါသည်။ ဘုရားရှင်၏အံ့သြဘွယ်ရာလုပ်ရပ်များကိုတွေ့ရှိခဲ့ရပါသည်။ ဈေးတာဝန်ခံရုံးခန်းမှ ငွေများစွာကိုတွေ့ရှိထားကြောင်း ပိုင်ရှင်ရှိလျှင်ပျောက်ဆုံးသည့်အရေအတွက်ကိုပြောပြီး လာယူဘို့အသံကိုကြားလိုက်သည့်အခါ ဘီနို့က်သည်ဈေးရုံးခန်းသို့သွားရောက်ပြီး သူ၏ပျောက်ဆုံးသွားသောငွေအရေအတွက်ကို ပြောပြပြီးငွေကိုတပြားမကျန်ပြန်ရခဲ့သည့်

အရာများသည် ဘုရားရှင်၏စောင့်ရှောက်မှုများပင်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ "ကျွန်ုပ်၏အသက်တာတွင် ဘုရားရှင်၏လုပ်ဆောင်မှုများကို တွေ့ရှိခဲ့ရပါသည်။ ယနေ့ အသက်ရှင်သော ဘုရားကိုကျွန်ုပ်သိခဲ့ရပြီး ဘုရားရှင်ကိုကိုးစားယုံကြည်သူတိုင်းကို မစကူညီဘို့အသင့်ရှိတဲ့ဘုရားဖြစ်ကြောင်း ဘီနွိုက်ပြောဆိုခဲ့ပါသည်။

ဘူရန်တီနိုင်ငံရှိ ထောင်ပေါင်းများစွာသော မြော်လင့်ခြင်းအသင်းသားများထဲမှ ဘီနွိုက်လည်းတစ်ဦးပါဝင်လာပါသည်။ သို့သော် ဘုရားရှင်၏မေတ္တာအကြောင်းမကြားရသေးသည့်လူပေါင်းထောင်နှင့်ချီ၍ရှိနေပါသေးသည်။

ယခုသုံးလပတ် အလှူငွေသည် မြို့တော်ဘူဂျန်ဘူရာတွင် အသင်းတော်ဆေးရုံဆောက်လုပ်ပြီး ကျန်းမာခြင်းအမှုတော်သာသနာလုပ်ငန်းများကို ဆောင်ရွက်ကာ ကယ်တင်ရှင်ကို တွေ့ရှိလက်ခံဘို့ အစီအစဉ်များကို ဝိုင်းဝန်းကူညီမစခြင်းဖြင့် ကောင်းကင်နိုင်ငံတော်အတွက်ဝိညာဉ်များကို အတူတကွရိတ်သိမ်းကြဘို့ တိုက်တွန်းလိုက်ပါသည်။

-----o-----

## "မနာရှေ၏ ဘုရားကို ရှာဖွေခြင်း"

ဇန်နဝါရီလ ၃၀ ရက်၊ ၂၀၁၀ ခုနှစ်

မနာရှေသည်မိသားစု ဥယျာဉ်အတွင်း မတ်တပ်ရပ်လျှက် လမ်းမပေါ်တွင် ဘုရားကျောင်းမှပြန်လာသော လူများကိုငေးမောကြည့်ကာ လူတွေအဘယ်ကြောင့် ဘုရားကျောင်းသွားကြသနည်း။ အဘယ်ကြောင့် ဘုရားကျောင်းသို့မသွားကြဒါလဲဆိုပြီး တခါတရံအံ့ဩတွေဝေလျှက်ရှိနေပါသည်။

တနင်္ဂနွေတရက်တွင် ဘုရားကျောင်းသို့သွားနေသော လူများနောက်သို့လိုက်သွားပြီးဘုရားကျောင်းအတွင်း မဝင်ဘဲပြတင်းပေါက်နားတွင်ရပ်ကာ သွားရောက်လေ့လာခဲ့ပါသည်။

နောက်တပတ်တနင်္ဂနွေနေ့တွင် ဘုရားကျောင်းသို့တဖန်သွားကာ အခြားပရိသတ်များနှင့်အတူဘုရားကျောင်းအတွင်း ဝင်ထိုင်ပြီးတရားနာခဲ့ပါသည်။ ဘုရားရှင်အကြောင်းကြားရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရပါသည်။

ထို့နောက်စိတ်ပျက်စရာအကြောင်းတခုကြောင့် မနာရှေတယောက်ဘုရားကျောင်းသို့မတက်တော့ပေ။

### *'ဘုရားကိုတဆင့်ပြီးတဆင့်ရှာဖွေခြင်း'*

နောက်ပိုင်းတွင်မနာရှေသည် အိမ်အနီးတွင်ရှိသောဘုရားကျောင်းသို့တက်



ရောက်သောအခါတွင် သူ့အားနွေးထွေးစွာကြိုဆိုမိတ်သဟာရဖွဲ့မှုအတွက် သူ့မိဘများကိုလည်းသူနှင့်အတူ ဘုရားကျောင်းတက်ဘို့ရန်ခေါ်ဖိတ်ပြီး မိဘများနှင့်အတူ၄င်းဘုရားကျောင်းတွင်ပုံမှန်တက်ရောက်ခဲ့ပါသည်။

မနာရှေသည် အသက် ၁၅ နှစ်ရှိပြီးဘုရားရှင်၏မေတ္တာတော်ကို အခြားသူများအားဝေငှပြီး ဘုရားကျောင်းသို့ခေါ်ဖိတ်ခြင်းကို အလွန်စိတ်အားထက်သန်သူတဦးဖြစ်ပါသည်။ ဘုရားရှင်၏နှုတ်ကပါတ်တော်ကိုလေ့လာပြီး တွေ့ရှိခဲ့ရသောအလင်းတရားများကို လက်တွေ့လိုက်နာကျင့်သုံးခဲ့ပါသည်။ မသန့်ရှင်းသောအစားအစာများအကြောင်းသိရှိပါကထိုအစားအစာများကို လုံးဝမစားတော့ပေ။

မသန့်ရှင်းသောအရည်အမျိုးမျိုးနှင့် ညစ်ညမ်းပြက်ရယ်ပြုသောစကားများကိုလည်းလုံးဝမသုံးတော့ချေ။ သူ၏ သက်သေခံမှုကြောင့်များစွာသောသူတို့ အသက်တာကိုဘုရားရှင်ထံပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ မနာရှေသည်လူအပေါင်းတို့ကိုသက်သေခံ၍ရသော်လည်း အသင်းတော်တခုမှ အသင်းသားမိသားစုတစုမှာ သူ့ထက်ပို၍ကျမ်းစာကိုနားလည်နေပြီး ဘုရားရှင်အကြောင်း သူ့ထက်ပိုသိနေသဖြင့် ဤမြော်လင့်ခြင်းမိသားစု၏ ယုံကြည်ချက်များကို အမှားထောက်ပြရန် မနာရှေ ဆန္ဒရှိနေပါသည်။

### ရှေးရိုးစွဲဘာသာရေးအယူအဆများကို ဖျက်ဆီးပစ်ခြင်း

တနေ့တွင် မနာရှေသည်သတ္တမနေ့အသင်းတော်ဘုရားကျောင်းနားတွင်လမ်းလျှောက်၍လာစဉ် ဘုရားကျောင်းအဝင်ပြတင်းပေါက်နားရှိစားပွဲတလုံးပေါ်တွင် ဝေစာများတင်ထားသည်ကိုတွေ့ရှိပြီး သူတို့၏ တယူသန်ရှေးရိုးအယူအဆများထဲမှ အမှားများကိုရှာဖွေဘို့ရန် စာစောင်များကိုလေ့လာဘို့အတွက်အိမ်သို့ယူဆောင်သွားခဲ့ပါသည်။

သတ္တမနေ့အသင်းတော်မှ အိမ်နီးချင်းမိတ်ဆွေတဦးထံရောက်ရှိလာပြီး သူနှင့်အတူသမ္မာကျမ်းစာကိုလေ့လာဘို့ ဖိတ်ခေါ်ခဲ့ရာ မနာရှေသည်သဘောတူလက်ခံခဲ့ပြီး ကျမ်းစာကိုလေ့လာကြရာ မနာရှေ၏ထင်မြင်ယူဆချက်အမှားများကိုတွေ့မြင်လာပြီး သတ္တမနေ့အသင်းတော်၏ယုံကြည်ချက်များသည် ကျမ်းစာအတိုင်းဖြစ်နေပြီး မိမိထင်မြင်ယူဆသကဲ့သို့ ရှေးရိုးစွဲအယူအဆများမဟုတ်ကြောင်းသိရှိသွားခဲ့ပါသည်။

မနာရှေသည် ငြိမ်သက်သာယာသောတောင်ပေါ်တွင်သွားရောက်ပြီး အစာရှောင်ဆုတောင်းခြင်းကိုပြုလုပ်ခဲ့ပါသည်။ ၄င်းတောင်ပေါ်သို့သွားရင်း သတ္တမနေ့အသင်းတော်ဘုရားကျောင်းရှေ့ရောက်သောအခါတွင် တံခါးပွင့်နေကြောင်းတွေ့ရသောအခါမရည်ရွယ်ဘဲနှင့် ဘုရားကျောင်းထဲသို့ဝင်ပြီးဒူးထောက်ဆုတောင်းခဲ့ပါသည်။ ဤကဲ့သို့နေ့တိုင်းဆုတောင်းခြင်းကိုပြုလုပ်ခဲ့ရာ သတ္တမနေ့အသင်းတော်သို့ ပို့ဆောင်လမ်းပြခဲ့ခြင်းနှင့်ဤအသင်းတော်မှဝေစာများကိုအပြစ်ရှာဘို့အတွက် ယူဆောင်လာခဲ့ပုံတို့ကိုပြန်လည်မြင်ယောင်နေမိပါသည်။

## ဒံယေလကဲ့သို့ရဲရင့်ခြင်း

မနာရှေသည် သူ၏အသစ်သောယုံကြည်ခြင်းအတွက် အတန်းဖော်များကို ဝေငှသက်သေခံဘို့ရန်ခွင့်ပြုချက်ကိုရယူပြီး ကျမ်းစာလေ့လာသော အဖွဲ့ငယ်လေးကို ဖွဲ့စည်းခဲ့ပါသည်။ ကျောင်းခန်းထဲတွင်အပတ်စဉ်လေ့လာခဲ့ရာသူ၏ကျောင်းဆရာမှာ သတ္တမနေ့တွင်စာမေးပွဲဖြေဆိုဘို့ ပြင်ဆင်ခိုင်းပါသည်။

ဒံယေလ၏သစ္စာရှိမှုနှင့် ဘုရားရှင်၏ကတိတော်များကို မနာရှေသည်ပြန်လည် သတိယပြီး သူလည်းဒံယေလကဲ့သို့ရည်တည်ခဲ့ပါက ဘုရားရှင်သည်သူ့ဘက်တွင်ရပ် တည်ပေးမည်ကိုသိရှိပြီး ဥပုသ်နေ့တွင်ကျောင်းမတက်ဘဲ ဥပုသ်စောင့်ခဲ့သောကြောင့် မကြာမီ ကျောင်းထုတ်ခံရပါတော့သည်။ မနာရှေ၏ မိဘများကလည်း သူ့အားအိမ်နှင့် ဝေးသောကျောင်းသို့ပို့ခဲ့ပါသည်။ သတ္တမနေ့အသင်းတော်မှ မိသားစုတစုနှင့်အတူနေရ ပြီးသတ္တမနေ့အသင်းတော်ဘော်ဒါကျောင်းကိုတက်ခဲ့ရပါသည်။ ဘုရားရှင်သည် မနာရှေ၏ဆုတောင်းခြင်းကိုအဖြေပေးခဲ့ပါသည်။

## ညှိနှိုင်းခြင်း

မနာရှေသည် ကျောင်းတွင်စာအလွန်ကြိုးစားသကဲ့သို့ကျောင်းပိတ်ရက်များ တွင်မိဘများထံ ပြန်လည်ပတ်သည့်အခါတွင် မိသားစုများသည် မနာရှေ၏တိုးတက် ပြောင်းလဲမှုများကို အလွန်အံ့ဩကြပါသည်။ မနာရှေ၏မိဘများသည် ကျောင်းစရိတ် များကိုထောက်ပံ့ခဲ့ပါသ်ည။ အသင်းတော်ကျောင်းတွင်ဘွဲ့ရသည်အထိတက်ရောက်ခဲ့ပြီး ထူးချွန်စွာ အောင်မြင်ခဲ့သလို အိမ်ပြန်ရောက်တိုင်းသူ၏ညီငယ်နှင့်ညီမငယ်တို့အားကယ် တင်ရှင်၏ချစ်ခြင်းနှင့် ဘုရားရှင်ကိုအားကိုးယုံကြည်ဘို့ရန် အားပေးခဲ့သလို မနာရှေ နှင့်အတူ ဘုရားကျောင်းတက်ကြပါသည်။ သူ၏ညီငယ်၊ညီမငယ်တို့လည်း မနာ ရှေကဲ့သို့ ဥပုသ်နေ့ပြဿနာများကိုရင်ဆိုင်ကြရပါသည်။

မနာရှေကဲ့သို့ခက်ခဲမှုများနှင့်ကြုံတွေ့ရသောအခါ ဘုရားရှင်ဘက်တွင်မားမား မတ်မတ်ရပ်တည်ကြဘို့ ဘုရားရှင်သည်ကျွန်ုပ်တို့ဘက်တွင်ရှိပြီး မည်သူတဦး တယောက်မှ ဘုရားလက်တော်မှရွေ့သွားအောင်မလုပ်နိုင်ကြောင်းမနာရှေက ပြောခဲ့ပါသည်။

ကျွန်ုပ်တို့ထည့်ဝင်မည့် သာသနာအလှူငွေများသည် ဘူရန်တီ နိုင်ငံမှစ၍ အာဖရိကအရှေ့အလယ်ပိုင်းတလျှောက် အမှုတော်လုပ်ငန်းများကိုထောက်ပံ့ကူညီသွား ဘို့ရန်ဖြစ်ပါသည်။

-----o-----



# ဘုရားကောင်းကြီးပေးသောလုပ်ဆောင်မှုများ

ဖေဖော်ဝါရီလ (၆) ရက်၊ ၂၀၁၀ ခုနှစ်

ဇီဖရိန်သည် တောင်ပေါ်တနေရာတွင်လမ်းလျှောက်ရင်း ယူကလစ်ပင်များမှ မွှေးကြိုင်သောရနံ့များကို ရှူရှိုက်လျှက် နံနက်ချိန်ခါသဘာဝ ကျေးငှက်သံသာလေးများ အသံ၊ကလေးငယ်များ ပြေးလွှားဆော့ကစားသံများ သိုးနွားများ အော်သံများနှင့်သာယာ ဘွယ်ကောင်းသည့်သူတို့ကျေးရွာလေးကိုကြည့်ရင်း လယ်ယာသို့ပေါက်တူးများကို ထမ်းလျှက်ထွက်လာကြသောသူတို့ကို နှုတ်ခွန်းဆက်လျှက်ရှိပါသည်။

ဇီဖရိန်သည် အသက် ၂၉ နှစ်ရှိပြီးကမ္ဘာအနှံ့သာသနာပြုအမှုတော်ဆောင်တစ် ဦးဖြစ်ကာ ရီဝမ်ဒါ နိုင်ငံမြောက်ပိုင်း တောင်တန်းလေးတွင်နေထိုင်လျှက်ရှိပါသည်။ ရီဝမ်ဒါတိုင်းပြည်သည် သတ္တမနေ့အသင်းသားများပြားသောနိုင်ငံလေးတခုဖြစ်သလို အရပ်ဒေသတချို့တွင် ယုံကြည်သူတဦးမျှမရှိသေးပေ။ ယခုသူရောက်ရှိနေသော နယ်မြေသည်လွန်ခဲ့သော ငါးနှစ်မှစ၍ ယခုအထိအသင်းသားသုံးဦးသာရှိပါသေးသည်။

## ကြိုးစား၍သွန်သင်ခြင်း

ထိုအရပ်ဒေသို့ ဇီဖရိန် ရောက်ရှိလာရာလူသားတို့၏လိုအပ်ချက်များနှင့်လူ သားတို့အားခရစ်တော်နှင့်မိတ်ဆွေဖွဲ့နိုင်သည့်နည်းလမ်းများကိုလေ့လာပြီး ၄င်းဒေသ တွင်သက်ကြီးရွယ်အိုစာမတတ်သူများကိုစာရေးနည်း ဖတ်နည်းသင်တန်းသင်ကြားပေး လိုကြောင်းကျေးရွာလူကြီးထံ ခွင့်ပြုချက်တောင်းဆိုပြီးကျေးရွာလူကြီးကသဘောတူကာ ကျောင်းခန်းသုံးခန်းကိုပေးခဲ့ရာ 'ဇီဖရိန်' သည်လူများကို လိုက်လံဖိတ်ခေါ်ရာသင်တန်း စတင်ဖွင့်လှစ်သည့်နေ့တွင် သင်တန်းသား ၁၂၆ ဦးကိုတွေ့မြင်ရပါသည်။ သူ့တွင်ရှိ သည့်အသုံးပြုရန်ပစ္စည်းများမှာ ကျောက်သင်ပုန်းနှင့်မြေဖြူခဲသာရှိပါသည်။

သင်တန်းမှာ ရှစ်လခန့်ကြာသောအခါတွင်အများသောသင်တန်းသားများမှာ စာရေး၊စာဖတ်အနည်းငယ်တတ်မြောက်လာကြပါသည်။ ၄င်းသင်တန်းသားများကိုအ ဆင့်မြင့်အရေး၊အဖတ်သင်တန်းအထိသင်ကြားပေးခဲ့ပါသည်။ ၄င်းသင်တန်းသားများ သင်တန်းဆင်းချိန်တွင် သူတို့သည်သမ္မာကျမ်းစာကို မိမိတို့ဘာသာစကားဖြင့်ကောင်း မွန်စွာရေးနိုင်ဖတ်နိုင်ကြပေပြီ။ 'ဇီဖရိန်' ၏သင်တန်းတွင် ဆုတောင်းခြင်းကို သင်တန်း၏ အစနှင့်အဆုံးတွင်ထည့်သွင်းလျှက်ရှိပါသည်။

သင်တန်းသားများကိုဘုရားရှင်အကြောင်း အမြဲပြောပြလေ့ရှိပါသည်။ သင်တန်းသားများမေးသည့်မေးခွန်းများကိုလည်း သမ္မာကျမ်းစာမှအထောက်အထား ယူပြီးပြောပြပါသည်။ သင်တန်းသားများစိတ်ဝင်စားမှုများပြားလာသည်နှင့်အမျှ ခဝံဂေလိ

ဓမ္မစည်းဝေးပွဲကို ကျင်းပဖို့ရန် အစီအစဉ်ဆွဲလိုက်ပါသည်။

### အံ့သြဘွယ်ရာစည်းဝေးပွဲ

ပထမဆုံး ဓမ္မစည်းဝေးပွဲတွင် လူပေါင်း ၅၀၀ တက်ရောက်ကြောင်းတွေ့ရှိရပါသည်။ 'ဇီဖရိန်' သည်နှစ်ပတ်တိတိ စည်းဝေးပွဲကိုကျင်းပပြီးနောက် ဘုရားရှင်အကြောင်းစိတ်ဝင်စားသူများထံသို့တစ်လတိတိ သွားရောက်လည်ပတ်ခဲ့ပါသည်။ ထို့နောက် ဓမ္မစည်းဝေးပွဲကိုအခြားခေါင်းစဉ်တစ်ခုဖြင့်နှစ်ပတ်တိတိပြန်ကျင်းပပြီး စိတ်ဝင်စားသူများထံထပ်မံ၍ တစ်လတိတိသွားရောက်လည်ပတ်အားပေးခဲ့ပါသည်။ သူသည် ထိုကဲ့သို့ စည်းဝေးပွဲကို(၆)ကြိမ်တိုင်တိုင်ကျင်းပပြုလုပ်ခဲ့ပြီး (၉) လတိတိကြာခဲ့ပါသည်။ လာရောက်နားထောင်သည့်ပရိသတ်များလည်း များသထက်များလာသည်ကိုတွေ့ရှိရပါသည်။

တရားပွဲအဆုံးတွင် ပထမဆုံးအသုတ်အနေဖြင့် လူပေါင်း (၂၀၀) နှစ်ခြင်းခံခဲ့ပြီးအချို့မှာ ဗေဒင်ဆရာများပင် ပါဝင်ပါသည်။ အချို့မှာအခြားအသင်းတော်မှသင်းအုပ်ဆရာများလည်း ပါဝင်ပါသည်။ ကျောင်းအုပ်ဆရာကြီး၏ ဇနီးသည်တဦးလည်း ပါဝင်ကြောင်းသိရှိရပါသည်။

ထို့ကြောင့်ကျောင်းအုပ်ဆရာကြီးသည် အလွန်စိတ်ဆိုးလေတော့သည်။ သူသည် ဇီဖရိန် ၏ဓမ္မစည်းဝေးပွဲများကိုတခါမှတက်ရောက်နားထောင်ခဲ့ခြင်းမရှိခဲ့ပေ။ ဒုတိယအကြိမ်စည်းဝေးပွဲအပြီး၌ ကျောင်းအုပ်ဆရာကြီးလည်း စိတ်နှလုံးပြောင်းလဲ၍ နှစ်ခြင်းမင်္ဂလာကို ခံယူခဲ့ပါသည်။

### အမြဲအလုပ်များနေသောသူ

ဇီဖရိန်သည် အမြဲအလုပ်များနေသောသူဖြစ်ပါသည်။ စာမတတ်သူများကိုစာသင်ပေးခြင်း၊ဧဝံဂေလိဓမ္မစည်းဝေးပွဲများကို ပြုလုပ်ကျင်းပရခြင်း၊ ခရစ်တော်အကြောင်းစိတ်ဝင်စားသူမိသားစုများထံလည်ပတ်ရခြင်း၊ နံနက်ယံဝတ်အစီအစဉ်များကို ကျင်းပပေးရခြင်း၊ ဥပုသ်နေ့ဘုရားဝတ်ပြုခြင်းအစီအစဉ်များကိုကျင်းပရခြင်းတို့အတွက် အမြဲအလုပ်များနေသည့်သူဖြစ်ပါသည်။ ဘုရားရှင်၏ကောင်းကြီးပေးမှုကြောင့် တနှစ်အတွင်း၌ယုံကြည်သူ(၃)ဦးမှ အယောက်(၁၀၀)အထိတိုးပွားလာခဲ့ပါသည်။ အသင်းတော်ဌာနချုပ်မှ မြေတကွက်ကိုဘုရားကျောင်း ဆောက်လုပ်ပေးရန်ဝယ်ပေးခဲ့ပါသည်။ ထို့အပြင် အမိုးနှင့်အုတ်မြစ်ချရန်အောက်ခြေကို ဘိလပ်မြေဖြင့်ပြုလုပ်ပြီးလူ (၅၀၀) ထိုင်နိုင်ရန် ဌာနချုပ်မှစီမံပေးခဲ့ပါသည်။ အသင်းသားများကလည်း ရွှံ့နှင့်လုပ်ထားသောအုတ်များဖြင့်အဆောက်အဦးနံရံများကို ပြုလုပ်ခဲ့ပါသည်။



ယနေ့၌အသင်းတော်လေးသည် အသင်းသားပေါင်း (၄၃၉) ဦးအပြင်ကလေးငယ်နှင့်ဧည့်သည်တော်များဖြင့် အပတ်စဉ်စည်ကားသိုက်မြိုက်စွာ ဘုရားဝတ်ပြုကိုးကွယ်လျှက်ရှိပါသည်။

ယနေ့ 'ရီဝမ်ဒါ' တိုင်းပြည်၏ သက်သေခံလုပ်ဆောင်မှုများကိုဘုရားရှင်ကောင်းကြီးပေးလျှက်ရှိပါသည်။ သို့သော် ခရစ်တော်ပြန်ကြွလာဦးမည့်သတင်းစကားကိုမကြားရသေးသောသူများစွာရှိနေပါသေးသည်။ သင်၏ သာသနာအလှူငွေအားဖြင့် ကမ္ဘာအနှံ့သာသနာပြုလုပ်ငန်းများ အသင်းတော် ဧဝံဂေလိဓမ္မစည်းဝေးပွဲများ ကျင်းပရန်အသုံးပြုသွားမည်ဖြစ်ပါသည်။ သင်တို့၏ အလှူငွေများကို ရက်ရောစွာပေးကမ်းသည့်အတွက် အထူးကျေးဇူးတင်ပါသည်။

-----o-----

## 'ပျောက်ဆုံးသောကလေး'

ဖေဖော်ဝါရီလ (၁၃) ရက်၊ ၂၀၁၀ ခုနှစ်

ဒဲနစ်(Denise)ဆိုသည့် ကလေးငယ်ကလေးကို သူမ၏မိခင်မှ 'အမြန်လာခဲ့' ဆိုပြီးလက်ကိုဆွဲခေါ်သွားပါသည်။ 'စစ်သားတွေ' 'စစ်သားတွေ' ဒို့သွားပုန်းရအောင်၊ ဒဲနစ်တယောက်မှာကလေးငယ်ပီပီ သူမ၏မိခင်ပြောစကားများကိုနားလည်ခြင်းမရှိဘဲ မိခင်၏မျက်နှာတွင် စိုးရိမ်ထိတ်လန့်မှုများသာတွေ့ရှိရပါသည်။ ဖခင်ဖြစ်သူမှာမြန်မြန်ဆန်ဆန် အထုပ်များထုပ်ပိုးလျှက်ရှိပါသည်။

### သေခြင်းမှလွတ်မြောက်ခြင်း

၁၉၉၄ ခုနှစ်တွင် ဒဲနစ်တို့မိသားစုကလေးမှာ လူစုပရိသတ်များနှင့်အတူဖုံထူနေသောလမ်းအတိုင်း နာရီပေါင်းများစွာ စစ်ဘေးမှလွတ်မြောက်ဖို့ထွက်ပြေးခဲ့ရပါသည်။ မျက်ပင်ရှည်များနှင့် သစ်တောကြီးများအတွင်း၌ ပုန်းအောင်းခိုလှုံခဲ့ရပါသည်။ နောက်ဆုံး၌ ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံ နယ်စပ်၌ ဖွင့်လှစ်ထားသောဒုက္ခသည်စခန်းတွင် ခိုလှုံနားနေခဲ့ရပါသည်။ သူတို့နေထိုင်ရသောတဲကလေးမှာ နေပူမိုးရွာခံနိုင်ဘို့အတွက် ပလပ်စတစ် မိုးရေကာဖျင်နှင့်ပြုလုပ်ထားသော ယိမ်းယိုင်နေသည့် တဲကလေးများအောက်တွင်နေထိုင်ခိုလှုံရပါသည်။

### တဦးတည်းကျန်ခဲ့ခြင်း။

တနေ့တွင် ဓား၊သေနတ်များကိုင်ဆောင်ထားသော လူများသည် သူတို့နေထိုင်ရာဒုက္ခသည်စခန်းအတွင်းသို့ ရောက်ရှိလာပြီး တိုက်ခိုက် လုယက်သတ်ဖြတ်ကြပါသည်။ ထိုအထဲတွင် ဒဲနစ်လည်း အော်ဟစ်ကြောက်လန့်ထွက်ပြေးနေသောလူများနှင့်အတူ

လိုက်ပါထွက်ပြေးခဲ့ရပါသည်။ သူ၏ မိခင်ဖခင်ကိုလည်း အော်ဟစ်ခေါ်ဆိုနေခဲ့ရာ တဦး
တယောက်မျှတုန့်ပြန်မှုမပြုခဲ့ကြပါ။ ဒဲနစ်လည်း စိုးရိမ်ပူပန်မှုအပြည့်နှင့် နေရာတွင်ထိုင်ချလိုက်စဉ် လူတစ်ဦးမှ သူ၏ပုခုံး၌ထမ်းပြီး ဘေးလွတ်ရာသို့ခေါ်ဆောင်ခြင်းကိုခံလိုက်ရပါသည်။ ထိုစဉ် သူ့ကိုထမ်း၍လာသောလူကြီးမှာ မောပန်းလာဟန်ဖြင့် သူ့ကိုအောက်သို့ချလိုက်ပြီး အတူတကွလမ်းမပေါ်တွင် လမ်းလျှောက်သွားကြပါသည်။

ရုတ်တရက်ဆိုသလို သေနတ်သံများကြားရပြီး ကြောက်စရာမြင်ကွင်းကြီးကို တွေ့လိုက်ရသောအခါ လူထုကြီးမှာ ဦးတည်ရာမဲ့ထွက်ပြေးသူကထွက်ပြေးကြပြီး အချို့မှာလမ်းမပေါ်တွင် ဝတ်နေကြပါသည်။ ထိုစဉ် 'ဒဲနစ်' တွေ့လိုက်ရသောမြင်ကွင်းမှာ သူ့ကိုသယ်ဆောင်လာသောလူကြီးမှာ သူ၏နဘေး၌ သေနတ်ဒဏ်ရာဖြင့် သေဆုံးနေကြောင်းတွေ့ရှိရပါသည်။ ဒဲနစ်လဲဆက်လက်ပြီး လူအုပ်ကြီးနှင့်အတူလိုက်ပါလာခဲ့ပြီး မိခင်ဖခင်ကို အော်ဟစ်ခေါ်ဆိုနေပါတော့သည်။ မိသားစုတစ်စုက သူ့ကိုအခက်အခဲအမျိုးမျိုးထဲမှ ခေါ်ယူစောင့်ရှောက်ထားလိုက်ပါသည်။ တိုက်ခိုက်မှု ပြီးဆုံးသွားချိန်၌ ဒဲနစ်မှာ မိခင်ဖခင်တို့ကို ပြန်လည်ရှာဖွေဖို့ရန် ဆန္ဒဖြစ်ပေါ်နေပါသည်။ သို့သော် သူ၏အိမ်အဘယ်မှာရှိသနည်း။

## *အိမ်ပြန်ခရီးရှည်*

ဒဲနစ်မှာ မိဘမဲ့ဂေဟာတွင် ဆက်လက်နေထိုင်ရပြီး ရဝမ်ဒါ တိုင်းပြည်သို့ပြန်ခဲ့ပြီးညပေါင်းများစွာ ခြုံတောထဲတွင် အိပ်ခဲ့ရပါသည်။ ဒဲနစ်သည် လမ်းပေါ်တွင် လမ်းလျှောက်ရင်း သူ၏အသက်တာသည် ဤမျှကြီးမားသော ဒုက္ခဆင်းရဲခြင်းများကို အဘယ်ကြောင့်ခံစားရသည်ကို စဉ်းစားတွေးတောနေမိပါသည်။ ထိုစဉ်သူသည် စိတ်ပျက်အားငယ်ခြင်းများ၊ ငတ်မွတ်ခြင်းများ၊ ဝမ်းနဲခြင်းများ၊ အမိအဖမဲ့နေခြင်းများ တကိုယ်တည်းဖြစ်နေခြင်းမှခံစားနေရခိုက် ပတ်ဝန်းကျင်မှစေတနာရှိသူများက အစာရေစာများဝေငှပေးကမ်းမှုကြောင့် ခရီးဆက်လက်လျှောက်လှမ်းဖို့ရန် ခွန်အားသစ်ကို ဖြစ်စေခဲ့ပါသည်။

## *မိသားစုသစ်*

နောက်ဆုံး၌ ဒဲနစ်သည် ရိဝမ်ဒါ အနောက်မြောက်ပိုင်းသို့ရောက်ရှိလာခဲ့ပါသည်။သူမသည် သနားကျင်နာတတ်သော ဇနီးမောင်နှံနှစ်ဦးနှင့်တွေ့ဆုံခဲ့ပြီး သူ၏ဘဝဇတ်ကြောင်းကို အဖြစ်အပျက်စုံလင်စွာပြန်ပြောပြခဲ့ရာ ထိုဇနီးမောင်နှံသည်လည်း သနားစိတ်ဝင်သွားပြီး သူတို့နှင့်အတူနေထိုင်ဖို့ရန် ဖိတ်ခေါ်မှုကိုခံရပါတော့သည်။



သူ့ကိုအိမ်သို့ခေါ်သွားပြီး မေတ္တာအပြည့်အဝဖြင့်ပြုစုစောင့်ရှောက်ယုံသာမက 'ခရစ်တော်သည် ဒဲနစ်ကိုအဘယ်မျှလောက်ချစ်ကြောင်း' ပြောပြကြပါသည်။ ထိုဇနီးမောင်နှံမှာ 'သတ္တမနေ့' အသင်းသားများဖြစ်ကြပါသည်။

ဒဲနစ်၏ မိဘများကိုလည်းရှာဖွေပေးရန် ကတိပေးခဲ့ပြီးသမီးအဖြစ်မွေးစားရန် တောင်းဆိုခဲ့ရာ ဒဲနစ်ကလည်းသဘောတူလက်ခံ၍ ထိုဇနီးမောင်နှံနှင့်အတူနေထိုင်ရန် ဆုံးဖြတ်လိုက်ပါသည်။

မကြာခဏဆိုသလို ထိုဇနီးမောင်နှံက ဒဲနစ်ကို သခင်ယေရှုအကြောင်းပြောပြရာဒဲနစ်ကလည်း ကယ်တင်ပိုင်ရှင်အနေဖြင့် ယေရှုကိုယုံကြည်လက်ခံခဲ့ပါသည်။

## *မိဘများကို ရှာဖွေခြင်း။*

ဒဲနစ်၏မွေးစားဖခင်သည် မကြာမီဒဲနစ်ကို မြို့တော် ကင်ဂါလီ သို့ခေါ်ဆောင်သွားပြီး မြော်လင့်ခြင်းအသံရေဒီယိုဌာနမှ မန်နေဂျာနှင့်မိတ်ဆက်ပေးခဲ့ရာ ဒဲနစ်ကသူမ၏အထုပတ္တိကို ရေဒီယိုအစီအစဉ်မှသက်သေခံ ပြောကြား ခွင့်ရရှိခဲ့ကြပါသည်။

သူ့ဖခင်အရင်းမှာ ဒုက္ခသည်စခန်း၌သေဆုံးခဲ့ကြောင်းသိရှိခဲ့ရပြီး မိခင်မှာမည်သည့်နေရာ၌ ရောက်ရှိနေကြောင်းမသိရှိရသေးပေ။ ဒဲနစ်လည်းထိုအကြောင်းများကိုကြားသိရပြီး မျက်ရည်ကျခဲ့ရပါသည်။ ဒဲနစ်သည် သူ၏မွေးစားမိဘများကိုချစ်ကြောင်း ဝိညဉ်ရေးရေသောက်မြစ်နှင့်အနာဂတ်၏မျှော်လင့်ခြင်းများပေးခဲ့ကြောင်း၊ ဒဲနစ်ပြောပြခဲ့ပါသည်။ မွေးဖခင်သေဆုံးသွားသော်လည်း သူမ၏ကောင်းကင်ဖခင်မှအကန့်အသတ်မရှိသောမေတ္တာဖြင့် သူမအားချစ်နေကြောင်းသိရှိခဲ့ရပါသည်။ လူပေါင်းမြောက်မြားစွာလူမျိုးစုခြင်းသတ်ဖြတ်မှုစစ်ပွဲအတွင်းတွင်သေဆုံးခဲ့ရသော်ငြားလည်း ဘုရားရှင်သူမကို အသစ်သောအသက်တာဖြင့် အသက်ရှင်သွားဖို့ကာကွယ်စောင့်ရှောက်ခဲ့ကြောင်းကို ဒဲနစ်တယောက်သဘောပေါက်နားလည်ခဲ့ရပါသည်။ သာသနာ့အလှူငွေများသည် အမှောင်ထုအတွင်းအသက်ရှင်နေသူများကို အသက်တာအသစ်၌ အသက်ရှင်သွားဖို့ မစကူညီပါလိမ့်မည်။ သင်တို့၏ပေးကမ်းစွန့်ကြဲခြင်းအလှူငွေများအတွက် အထူးပင်ကျေးဇူးတင်ပါသည်။

-----ဝ-----

## ဘုရားအတွက်ပုဂ္ဂိုလ်တဦးဖြစ်လာခြင်း

ဖေဖော်ဝါရီလ (၂ဝ) ရက်၊ ၂ဝ၁ဝ ခုနှစ်

ကျွန်ုပ်၏အမည်မှာ အာဖုန်းစီ ဖြစ်ပါသည်။ ရိဝမ်ဒါ တိုင်းပြည်၌နေထိုင်ပြီး ကျွန်ုပ်သူငယ်ချင်းတစ်ဦးမှာ သတ္တမနေ့အသင်းတော်အထက်တန်းကျောင်းတွင်ပညာ

သင်ကြားလျှက်ရှိပါသည်။ ကျွန်တော်နှင့်ကျွန်တော့သူငယ်ချင်းနှစ်ဦးမကြာခဏ ဘုရားရှင်အကြောင်းပြောဆိုကြပြီး သမ္မာကျမ်းစာကိုအတူတကွလေ့လာကြပါသည်။ ထို့နောက် သူငယ်ချင်းမှရပ်ဝေးတစ်နေရာသို့ပြောင်းရွှေ့သွားရပြီး ကျွန်ုပ်တစ်ဦးတည်း ကျမ်းစာကိုလေ့လာဖတ်ရှုရာ ကျွန်ုပ်နားမလည်သော မေးခွန်းများစွာထွက်လာပြီး ဖြေဆိုပေးမည့်သူတစ်ဦးမျှမရှိပါ။ ထိုအချိန်တွင် သတ္တမနေ့အသင်းတော်မှသူငယ်ချင်းတချို့၏ ခေါ်ဖိတ်မှုကြောင့် ဘုရားကျောင်းသို့သွားတက်ခဲ့ပါသည်။ သင်းအုပ်ဆရာ၏ တရားဟောချက်များမှကျွန်ုပ်၏ရှုပ်ထွေးနေသောမေးခွန်းများ၏အဖြေကိုရရှိခဲ့ပါသည်။ ကျွန်ုပ်အသက် (၁၅) နှစ်တွင်ခရစ်တော်ယေရှုကိုမိမိကယ်တင်ရှင်အနေဖြင့်ထိုအသင်းတော်တွင်ယုံကြည်လက်ခံခဲ့ပါသည်။

### ***စုံစမ်းခြင်းများနှင့်ဒုက္ခအခက်အခဲများ***

ကျွန်ုပ်မိခင်သေဆုံးသွားသောအခါဖခင်မှ သတ္တမနေ့အသင်းတော်ကျောင်းတွင်ဝတ်ပြုကိုးကွယ်နေသော ကျွန်ုပ်အား ဘုရားကျောင်းဆက်တက်ခွင့်ကိုတားဆီးခဲ့ပါသည်။ (၁၀)ကျော်သက်အရွယ်ဖြစ်သော ကျွန်ုပ်သည်လည်း ဖခင်ပညတ်ချက်များကိုလိုက်နာစောင့်ရှောက်ခဲ့ရပါသည်။ သို့သော် ကျွန်ုပ်သိရှိခဲ့ရသမျှ မိမိယုံကြည်ချက်ကိုမိမိ စောင့်ရှောက်ရမည်ဖြစ်သည်။ နောက်ဆုံး၌ ကျွန်ုပ်ဖခင်မှ ကျွန်ုပ်အားဘုရားကျောင်းတက်ခွင့်ပြုခဲ့ရပါသည်။ သို့သော်ကျွန်ုပ်ယုံကြည်ခြင်းကိုသူတစ်ပါးအားမပြောပြရန်တားမြစ်ခဲ့ပါသည်။ အကယ်၍ကျွန်ုပ်အားသတ္တမနေ့အသင်းတော်ဘုရားကျောင်းနှင့်ဆက်သွယ်ပါကနေထိုင်ဖို့နေရာအသစ်တနေရာရှာဖွေဖို့တောင်းဆိုခဲ့ပါသည်။ ဘုရားရှင်သည်သူ့အား အမြဲချစ်လျက်ရှိကြောင်း သူ၏အမည်နာမကိုတတ်လျက် ကျွန်ုပ်ဆုတောင်းပေးခဲ့ပါသည်။ သူ၏အပြုအမူများကြောင့်ဖခင်တစ်ယောက်အသင်းတော်ဘုရားကျောင်းတွင်နှစ်ခြင်းမင်္ဂလာခံယူဖို့ဆုံးဖြတ်ခဲ့ပါသည်။ အသင်းတော်မှအသင်းလူကြီးနှင့်အသင်းသားများအချို့ကို ဖခင်အတွက်ဆုတောင်းပေးရန် သွားရောက်ခေါ်ဖိတ်ခဲ့ရာသူတို့ရောက်ရှိလာပြီး ခရစ်တော်ကိုလက်ခံဖို့ဖခင်ကြီးအား တိုက်တွန်းကြရာဖခင်ကြီးမှခေါင်းညိတ်၍ အဖြေပေးခဲ့ပါသည်။ နောက်သုံးရက်ကြာသောအခါ ဖခင်ကြီးသေဆုံးခဲ့ပါသည်။

### ***ရုတ်တရက်တာဝန်ဝတ္တရားများ***

ရုတ်တရက်(၁၀)ကျော်သက်အရွယ်ဖြစ်သော ကျွန်ုပ်သည် အိမ်ထောင်ဦးစီးတာဝန်များကိုထမ်းဆောင်ခဲ့ရပါသည်။ ကျွန်ုပ်ညီငယ်နှင့်ညီမငယ်ကို ကြည့်ရှုစောင့်ရှောက်ခဲ့ရပါသည်။ ဖခင်၏ဈာပနအစီအစဉ်ပြီးဆုံးပြီးနောက် အထက်တန်းကျောင်းတွင်



ပညာသင်ကြားဖို့ရန်ခွင့်ပြုချက်ရရှိခဲ့ပါသည်။ စာမေးပွဲအောင်ခဲ့သောကြောင့် ဘုရားကိုကျေးဇူးတင်သော်လည်း ကျွန်ုပ်၏အခက်အခဲဒုက္ခများကို မုန်းတီးခဲ့မိပါသည်။ ကျွန်ုပ်ညီငယ်နှင့်ညီမငယ်မှ သူငယ်ချင်းများနှင့်အတူနေပြီး ကျောင်းတက်ခဲ့ရပါသည်။ သူတို့၏

ကျောင်းစရိတ်ကိုကျွန်ုပ် တာဝန်ယူရပါသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ကျောင်းတက်နေရသဖြင့်သူတို့ကျောင်းစရိတ်ကို ရှာဖွေဖို့နည်းလမ်း မရရှိတော့ပါ။ ထို့ကြောင့်ကျွန်ုပ်ကျောင်းထွက်ကာ စစ်တပ်ထဲတွင်ဝင်ရောက်အမှုထမ်းခဲ့ရပါသည်။ စစ်သားလုပ်ရသည်ကိုမနှစ်သက်သော်လည်း ညီငယ်ညီမငယ်နှစ်ဦး ကျောင်းစရိတ်ရရှိရန် အတွက်ဖြစ်ပါသည်။ စစ်ထဲတွင်သုံးနှစ်အမှုထမ်းခဲ့ပြီး စစ်တပ်မှထွက်ကာ မိမိအိမ်သို့ပြန်လာခဲ့ပါသည်။ ကျွန်ုပ်သည်ငွေရေးကြေးရေး အခက်အခဲမျိုးစုံကိုကြုံတွေ့ခဲ့ရပါသည်။ ကျွန်ုပ်အထက်တန်းကျောင်းအောင်မြင်ဖို့ ကျွန်ုပ်သူငယ်ချင်းဖြစ်သူအသင်းလူကြီးမှ ကူညီမစခဲ့ရပါသည်။ ထို့နောက်သူငယ်ချင်းဖြစ်သူက ကီဂါလီ မြို့တွင်အလုပ်သွားလုပ်ရန်အကြံပေးခဲ့ပါသည်။ ထို့နောက်၎င်းမြို့တွင်အလုပ်သမားအကူအလုပ်နှင့်လုံခြုံရေး ဝန်ထမ်းတာဝန်ကိုကျွန်ုပ်ရရှိခဲ့ပါသည်။ တစ်ချိန်ထဲမှာပင် သတ္တမနေ့အသင်းတော်ဓမ္မတက္ကသိုလ်တွင်နေ့လည်ပိုင်း အလုပ်လုပ်ပြီး ညပိုင်းတွင်လုံခြုံရေးတာဝန်ယူကာ ပညာများကိုဆက်လက်သင်ကြားခဲ့ပါသည်။ ဤနည်းဖြင့်ကျွန်ုပ် ကျောင်းစရိတ်ကိုရှာဖွေခဲ့ရပါသည်။ ထို့နောက် ကျွန်ုပ်အလုပ်ရှင်မှာ ကင်ညာနိုင်ငံရှိ သူ၏အိမ်သို့ပြန်သွားခဲ့ရာ ကျွန်ုပ်တွင်အလုပ်လက်မဲ့ဖြစ်ခဲ့ပြီး ကျောင်းဆက်တက်ရန်အခက်အခဲတွေ့ခဲ့ရပါသည်။

### ***ဘုရားရှင်၏စီစဉ်ပေးမှု***

ကျွန်ုပ်၏သူငယ်ချင်းအား ကျွန်ုပ်ကျောင်းစရိတ်များကိုကူညီမစဖို့ ကျွန်ုပ်တောင်းဆိုခဲ့ရာ ဘုရားရှင်ကိုယုံကြည်အားကိုးပြီး သူ့အပေါ်၌သစ္စာရှိပါကကတိတော်များနှင့်ဆိုင်သောကောင်းကြီးမင်္ဂလာများရရှိမည်ဟု ကျွန်ုပ်အား အားပေးကြပါသည်။

သူငယ်ချင်းများအကြံပေးသည့်အတိုင်း ကျောင်းသားရေးရာတာဝန်ခံအား ကျွန်ုပ်၏ပြသနာများအား သွားရောက်တင်ပြရာ ထိုသူက ကျွန်ုပ်အားဆုတောင်းပေးပြီး ပညာသင်ကြားနေစဉ်အတွင်း ကျောင်းလုံခြုံရေးအစောင့်အနေဖြင့် ကျွန်ုပ်အားစီစဉ်ပေးခဲ့ပါသည်။ ထို့အပြင် ကျောင်းဝင်းအတွင်းသူငယ်ချင်းအချို့နှင့်အတူ အခန်းငယ်ကလေးတွင်နေထိုင်ခဲ့ရပြီး ကျွန်ုပ်ရရှိသည့်လစာငွေဖြင့် ကျောင်းစရိတ်နှင့်အိမ်ငှားခများ လုံလောက်စွာရခဲ့ပါသည်။ စာအုပ်ဝယ်ရန် ငွေနှင့်အစားအစာစရိတ်များကိုလည်း ဘုရားရှင်စီမံပေးခဲ့ပါသည်။

အချို့ရက်များတွင် တမင်းတပ်သာစားပြီးချွေတာခဲ့ပါသည်။ နောက်ဆုံးပညာ

ရေးဘွဲ့ကိုရရှိခဲ့ပြီးလူငယ်များကို ပညာသင်ကြားဖို့ရန် ဘုရားရှင်ကျွန်ုပ်အားပြန်လည်အသုံးပြုခဲ့သည်ကို သိရှိရပါတော့သည်။ ကျွန်ုပ်မဖြစ်နိုင်သော အိပ်မက်များ ယခုပင်အကောင်အထည်ဖေါ်နိုင်ခဲ့ပြီဖြစ်ပါသည်။

***ဖိတ်ခေါ်ချက်***

အာဖရိကအလယ်ပိုင်းတွင်ရှိသော မြော်လင့်ခြင်းအသင်းဓမ္မတက္ကသိုလ်သည် မြို့တော် ကီဂါလီတွင် အသစ်ထပ်မံဆောက်လုပ်ရန်အစီအစဉ်ရှိပါသည်။ လူမျိုးစုတိုက်ပွဲများအတွင်းထိုအဆောက်အဦးများ ပျက်စီးဆုံးရှုံးခဲ့ရခြင်းဖြစ်ပါသည်။ ယနေ့ကျောင်းသားပေါင်း ၂၂၀၀ ထက်မကပညာသင်ကြားနေရာ အများသောကျောင်းသားများမှာ မြော်လင့်ခြင်းအသင်းသားများမဟုတ်ကြပါ။ ယခု(၁၃)ပတ်အလှူငွေသည် အထွေထွေအသုံးပြု၍ရသောအဆောက်အဦးဆောက်လုပ်မည်ဖြစ်ပါသည်။ သာသနာ့ဝန်ထမ်းများ အနေဖြင့်ခရစ်တော်ကိုမသိသေးသောသူများအတွက် အမှုဆောင်ရန် အသုံးပြုသွားမည်ဖြစ်သောကြောင့် သင်တို့၏ပေးကမ်းစွန့်ကြဲမှုကို အထူးပင်ကျေးဇူးတင်ပါသည်။

-----o-----

### ***ခရစ်တော်အားဖြင့်ချီနှောင်ထား***

ဖေဖေါ်ဝါရီလ (၂၇) ရက်၊ ၂၀၁၀ ခုနှစ်

ပီရီ သည်မြေနီလမ်းမကြီး တစ်ခုတွင်ပြေးလွှားရင်း ခလုတ်တိုက်မိသွားပြီးသူ့ကိုယ်သူဘယ်ကိုသွားနေမှန်းမသိဘဲ အသက်ဘေးမှလွတ်မြောက်ဖို့ ထွက်ပြေးနေရကြောင်းကိုသာသိပါသည်။ ပီရီသည် အသက်(၉) နှစ်အရွယ်ရှိပြီး ရီဝမ်ဒါနိုင်ငံ ပြည်တွင်းစစ်ပွဲအတွင်း စစ်ပြေးဒုက္ခသည်တစ်ဦးဖြစ်ပါသည်။ ပီရီ၏ ဖခင်ဖြစ်သူမှာ အသင်းအုပ်ဆရာတစ်ဦးဖြစ်ပြီးသူ၏ကလေးငယ်(၉)ဦးကို စုရုံးစေပြီး “မိသားစုအတွင်းဘာဘဲဖြစ်ဖြစ်အသက်ရှင်ခဲ့မည်ဆိုပါက ဘုရားအပေါ်တွင်သစ္စာရှိကြဖို့၊ ဥပုသ်နေ့ကိုသတိ ရဖို့၊ ယုံကြည် ခြင်း ကိုခိုင်မြဲစွာထားဖို့၊ ပြောကြားနေစဉ်စစ်သားများရောက်ရှိလာရာ မိသားစုများ ဘုရားကျောင်းအတွင်းပြေးဝင်ခိုလှုံကြပါသော်လည်း ရက်စက်သော စစ်သားများက ဘုရားကျောင်းကိုမီးရှို့ခဲ့ကြသဖြင့် ပီရီ၏ မိသားစုများမှထိုနေရာတွင် သေဆုံးကြရပြီး ပီရီတစ်ယောက်တည်းသာ ကျန်ရစ်ပြီး ထိုမှဆက်၍အိမ်နီးချင်း တစ်ဦး နှင့်အတူ ဘူရန်တီ မြို့ဒုက္ခသည်စခန်း၌ခိုလှုံခဲ့ရပါသည်။

လူမျိုးစုသတ်ဖြတ်ခြင်းများပြီးဆုံးချိန်၌ သူနေထိုင်ရာမြို့သို့ ပြန်ရောက်လာပြီးသူ့ဖခင်အလုပ်လုပ်ခဲ့သော ဘုရားကျောင်းသို့ရောက်ရှိလာရာ ကျောင်း၏ကြမ်းပြင်အချို့နှင့်ကော်ဇောအနည်းငယ်သာ တွေ့ရပြီး သူ့မိသားစု၏သေဆုံးပြီးအရိုးများကိုသာတွေ့ရှိရပါသည်။



ပီရီ တစ်ဦးသာလျှင်ယခုအချိန်အထိအသက်ရှင်နေရပြီး ဖခင်၏ပြောစကားဖြစ်သော“ဘုရားရှင်အပေါ်သစ္စာရှိပါဆိုသော”စကားကိုပြန်လည်ကြားရောင်နေမိပါသည်။

***အသစ်သောမျှော်လင့်ခြင်းနှင့်ဝမ်းနဲခြင်း***

ပီရီ၏ အဒေါ်ဖြစ်သူသည် အိမ်နီးချင်းနိုင်ငံဖြစ်သော ယူဂန်ဒါနိုင်ငံမှ ရောက်ရှိလာပြီး သူ၏ဆွေမျိုးများအားလာရောက်ရှာဖွေရာ ပီရီကိုတွေ့ရှိပြီး အိမ်သို့ခေါ်ဆောင်သွားခဲ့ပါသည်။

ပီရီမှာအဒေါ်ဖြစ်သူနှင့် အသစ်သောအသက်တာ၌ နေထိုင်နေစဉ် အသက်(၁၄)နှစ်အရွယ်၌ အဒေါ်ဖြစ်သူမှာ မတော်တဆယာဉ်တိုက်မှုဖြစ်ပြီး သေဆုံးသွားရာ ပီရီ၏အသက်တာ၌ ပြင်းထန်သောနာကျင်ဆုံးရှုံးမှုများကြုံတွေ့ရပြီး မျှော်လင့်ရာမဲ့ဖြစ်၍ဆောက်တည်ရာမရဘဝနှင့် ထပ်မံကြုံတွေ့ရပြန်သည်။ ထို့နောက် ရီဝမ်ဒါ အစိုးရ၏စီစဉ်ပေးမှုကြောင့်စစ်အတွင်း ဒုက္ခသည်မှာ ပညာရေးထောက်ပံ့စရိတ်ရရှိခဲ့ပြီး ပညာသင်ကြားခွင့်ရကာ အလွန်ခင်မင်စရာကောင်းသောသူငယ်ချင်းနှစ်ဦးနှင့်တွေ့ဆုံခဲ့ရပါသည်။ ထိုသူငယ်ချင်းသုံးဦးစလုံး၌ လူမျိုးစုသတ်ဖြတ်မှုများစစ်ပွဲအတွင်း၌ မိသားစုများဆုံးရှုံးခဲ့ကြရသည့် ဘဝတူများဖြစ်ကြပါသည်။ ပီရီသည် အထက်တန်းကျောင်းအောင်မြင်သောအခါ၊ ရီဝမ်ဒါ တက္ကသိုလ်တွင် ဆက်လက်ပညာသင်ရန်အထောက်အပံ့ကိုရရှိခဲ့ပါသည်။ သို့သော် ပီရီသည် မြို့တော် ကီဂါလီ တွင်ရှိသောမြော်လင့်ခြင်းဓမ္မတက္ကသိုလ်တွင်သာ ပညာသင်ကြားရန်ဆုံးဖြတ်လိုက်ရာ မစကူညီမှုများရပ်ဆိုင်းသွားတော့မည်ဖြစ်ရာ သူငယ်ချင်းများက သူ့အားအပြစ်တင်ကြပြီး ထောက်ပံ့ကြေးရမည့်တက္ကသလိုလ်၌သာ ပညာသင်ကြားရန်အားပေးကြသော်လည်း ပီရီက ခေါင်းမာစွာညင်းဆိုလိုက်ပါသည်။

ထို့ကြောင့် သူငယ်ချင်းနှစ်ဦးဖြစ်သူ အီစထရက် နှင့် ဒီယို တို့နှစ်ဦးမှာလဲပီရီတက်ရောက်သင်ကြားမည့်မြော်လင့်ခြင်းဓမ္မတက္ကသိုလ်၌ အတူတကွသင်ကြားရန်စာရင်းပေးသွင်းလိုက်ကြပါတော့သည်။ ၄င်းတို့(၃)ဦးသည် ဓမ္မတက္ကသိုလ်အနီးတွင် အင်မတန်သေးငယ်သောအိမ်ခန်းလေးတစ်ခုကိုငှားရန်းနေထိုင်ကြပြီး အစာစားရာတွင် လူများစွန့်ပစ်ထားသည့် ခြောက်သွေ့ပိန်လှီနေသောဟင်းသီးဟင်းရွက်အသီးအနှံများကိုသာချို့တဲ့စွာစားသုံးပြီး ပညာကိုသင်ကြားခဲ့ကြရပါသည်။

***ခြားနားခြင်းသည် ခရစ်တော်အားဖြင့်သာဖြစ်သည်။***

သူငယ်ချင်း(၃)ဦး သတိထားမိသောအချက်များမှာ မြော်လင့်ခြင်း ဓမ္မတက္ကသိုလ်ရှိ ကျောင်းဆရာ/မများနှင့် ကျောင်းသား/သူများသည်အခြားကျောင်းနှင့်

မတူဘဲမြော်လင့်ခြင်းတက္ကသိုလ်မှ ဆရာ/မများသည် ကျောင်းသားတစ်ဦးစီ၏ လိုအပ်ချက်များကိုသိရှိနားလည်ပြီး ကျောင်းသားတဦးစီ၏ထင်မြင်ယူဆချက်များကိုလည်းတင်ပြစေကာ၊ အကြံပေးပြီးလိုအပ်သည်များကိုဆုတောင်းပေးကြပါသည်။ ဆုတောင်းခြင်းသည်လည်းကျောင်းတော်ကြီး၏အသက်သွေးကြောဖြစ်ကြောင်းကိုနားလည်သိရှိခဲ့ရပါသည်။ အပတ်စဉ်ဝတ်ပြုစည်းဝေးခြင်းများကိုလည်း တက်ရောက်ကြရာတွင် ပီရီ၏ သူငယ်ချင်းနှစ်ဦးဖြစ်သူမှာ ပီရီ အဘယ့်ကြောင့်မြော်လင့်ခြင်းဓမ္မတက္ကသိုလ်၌ ပညာသင်ကြားရန်ရွေးချယ်ရခြင်းကိုသဘောပေါက်နားလည်ခဲ့ရပါသည်။ ကျောင်းတွင်ကျင်းပသောလူငယ်ဆုတောင်းစည်းဝေးအဆုံး၌ သူငယ်ချင်း(၂)ဦးမှာ ဘုရားထံအသက်တာအပ်နှံပြီး နှစ်ခြင်းမင်္ဂလာကိုခံယူခဲ့သည့်အထိပြောင်းလဲသွားကြပါသည်။

တချိန်က မိသားစုများလူမျိုးရေးစစ်ပွဲကြောင့် သေကွဲကွဲ၍ ခါးသီးသောဘဝဖြင့်ချည်နှောင်ခြင်းခံခဲ့ရသော သူငယ်ချင်းသုံးဦးမှာ ယခုဆိုလျှင် ဘုရားကိုယုံကြည်ခြင်း၌ခိုင်မြဲစွာဘဝကို တည်ဆောက်လျှက်ရှိနေကြပြီဖြစ်ပါသည်။ တချိန်က ပြည်တွင်းစစ်ကြောင့်ထောင်ပေါင်းများစွာသောလူသားများ ပျက်စီးဆုံးရှုံးခဲ့သည့်နေရာများတွင် မြော်လင့်ခြင်းဓမ္မတက္ကသိုလ်အားဖြင့် အာဖရိကအလယ်ပိုင်းတွင် ရောင်ခြည်များထွန်းတောက်လျက်ရှိခဲ့ပါသည်။ ရီဝမ်ဒါနိုင်ငံ၏ မြို့တော် ကီဂါလီမြို့တွင် တက္ကသိုလ်ကျောင်းသားများစုပေါင်းဝတ်ပြုကိုးကွယ်ဖို့ နေရာတစ်နေရာလိုအပ်လျှက်ရှိပါသည်။ ကျောင်းသား ၂၂၀၀ ပညာသင်ကြားလျက်ရှိရာ ထက်ဝက်ကျော်မှာ သတ္တမနေ့အသင်းသားများမဟုတ်ကြပါ။ (၁၃) ပတ်အလှူငွေအားဖြင့်တည်ဆောက်မည့်အထွေထွေအသုံးပြုရန်အဆောက်အဦးကြီးတွင် ကျောင်းသားများဝတ်ပြုကိုးကွယ်ရန် ယုံကြည်ခြင်းကိုဝေငှဖို့ရန်အသုံးပြုသွားမည်ဖြစ်ပါသည်။ သင်တို့၏ဆက်ကပ်လှူဒါန်းမှုအတွက် အထူးကျေးဇူးတင်ပါသည်။

-----o-----

## ဒုက္ခသည်စခန်းအတွင်းခရစ်တော်ကိုရှာဖွေတွေ့ရှိခြင်း

မတ်လ (၆) ရက်၊ ၂၀၁၀ ခုနှစ်

၁၉၉၄ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ရီဝမ်ဒါတိုင်းပြည်၏ လူမျိုးစုအချင်းချင်းသတ်ဖြတ်မှုများတွင် လောရင့် နှင့်မိသားစုများလည်းရင်ဆိုင်ခဲ့ရပါသည်။ ထိုအချိန်တွင် လောရင့်သည် မူလတန်းကျောင်းဆရာကလေးအဖြစ်အလုပ်လုပ်နေပြီး ပြည်တွင်းစစ်ဖြစ်လာသောအခါ ၄င်းတို့မိသားစုကလေးမှာ ဒုက္ခသည်စခန်းအတွင်း၌ ခိုလှုံနေခဲ့ရပါသည်။

ပြည်တွင်းစစ်ကြောင့် အလုပ်လက်မဲ့ဖြစ်သွားပြီး မိသားစုစားဝတ်နေရေး



အတွက် မိမိကိုယ်တိုင်ချက်လုပ်သော 'ဘီယာအရက်ကို' ရောင်းချပြီးမိသားစုစားဝတ်နေရေးကိုဖြည့်ဆည်းပေးခဲ့ရပါသည်။

လောရင့်သည် အသက်မွေးဝမ်းကျောင်းအလုပ်ကို အရက်ရောင်းချခြင်းဖြင့်သာ ပြုလုပ်နေရသည်ကိုမနှစ်မြို့ပေ။ အရက်ချက်သည့်ပညာတွင်သာကျွမ်းကျင်သဖြင့်အသက်မွေးဝမ်းကျောင်းပြုမည့်အစား အခြားသောနည်းဖြင့်ဝင်ငွေ ရနိုင်မည့်အလုပ်ကိုလုပ်ကိုင်နိုင်ဘို့ ဘုရားထံတောင်းလျှောက်ခဲ့ပါသည်။

### မမျှော်လင့်သောရှာဖွေတွေ့ရှိမှု

ဒုက္ခသည်စခန်းအတွင်း၌အမျိုးသမီးတစ်ဦးနှင့်တွေ့ဆုံပြီး ဘုရားရှင်အကြောင်းပြောကြားဘို့ရန်သူ့ကိုတောင်းဆိုခဲ့ပါသည်။ ဥပုသ်နေ့သည် သတ္တမနေ့ဖြစ်ကြောင်း ဘုရားရှင်၏သန့်ရှင်းသောနေ့ဖြစ်ကြောင်းလောရင့်ကိုပြောပြသောအခါ သူမ၏ပြောကြားချက်များကိုငြင်းခုံပြီး တနင်္ဂနွေနေ့သည်သခင်ဘုရား၏နေ့ဖြစ်ကြောင်းကိုသာငြင်းခုံနေသဖြင့်အမှားအမှန်တိုက်ပွဲကြီးစာအုပ်ကိုဖတ်ဘို့ရန်လောရင့်ကိုပေးခဲ့ပါသည်။ လောရင့်သည်ထိုအုပ်ထဲမှအမှန်တရားများကိုအံ့ဩဖွယ်ရာဖတ်မိပြီး ဘုရားရှင်၏မေတ္တာလှုပမှု၊ခရစ်တော်အားဖြင့်ဖော်ပြသောကယ်တင်ခြင်းစီမံခြင်းများ ဒုတိယအကြိမ်ကြွလာခြင်းကတိတော်များကို ကွက်ကွက်ကွင်းကွင်းရှင်းလင်းစွာသိရှိခဲ့ပါသည်။ ထိုအမျိုးသမီးပေးခဲ့သောစာအုပ်သည် အမှန်တရားများဖြစ်ကြောင်းလောရင့်သိရှိခဲ့ပြီး အသက်တာပြောင်းလဲသွားခဲ့ပါသည်။ အရက်သောက်ခြင်းနှင့်ဘီယာများကိုရောင်းချခြင်း၊ အခြားမကောင်းသောအကျင့်များကိုစွန့်လွှတ်ခဲ့ပါသည်။ လောရင့်ကိုအမှန်တရားများလာပြောပြသောအမျိုးသမီးမှာ သတ္တမနေ့အသင်းတော်မှဖြစ်သောကြောင့် ရီဝမ်ဒါ တိုင်းပြည်ထဲမှ သတ္တမနေ့အသင်းသားတချို့ကို လောရင့်တစ်ယောက်သိကျွမ်းခဲ့ဖူးရာ ထိုသူများတို့သည်အသိပညာမဲ့ပြီး ယဉ်ကျေးမှုမရှိသောသူများအဖြစ် သတ်မှတ်ထားပြီး လောရင့်အတွက်ကြည့်၍မရအောင်မုန်းတီးမိပါသည်။ ယခုတဖန်တွေ့ရှိရသော အမျိုးသမီးကြောင့်ဤသူများတို့သည် သူ့ထက်ပိုပြီး ခရစ်တော်အကြောင်း သိရှိသူများအဖြစ်မြင်တွေ့ခဲ့ရပါသည်။ ထိုအမျိုးသမီးမှ လောရင့်အားဥပုသ်နေ့တွင် သူတို့နှင့်အတူလာရောက်ဝတ်ပြုရန်ခေါ်ဖိတ်ခဲ့ရာ သတ္တမနေ့အဖွဲ့သားများနှင့်အတူ အပတ်စဉ်ဝတ်ပြုကိုးကွယ်ခဲ့ပြီး နှစ်ခြင်းမင်္ဂလာခံယူဖို့တောင်းဆိုခဲ့ပါသည်။ သို့သော် လောရင့် တစ်ယောက်စိတ်ပျက်ခဲ့ရသည့်အကြောင်းတစ်ခုရှိခဲ့ပါသည်။ သူ၏ ထင်မြင်ချက်တစ်ခုမှာ အပြစ်များကိုဆေးကြောသည့်အနေဖြင့် နှစ်ခြင်းမင်္ဂလာခံယူပြီးနောက် အပြစ်ကိုဘယ်သော အခါမှပြုလုပ်၍မရဟု ဆိုသည့်အချက်မှ ယခုသူ၏တွေ့ရှိချက်အရ သူ၏အသက် တာသည်အပြစ်သားတစ်ဦးဖြစ်ပြီးအပြစ်ထဲမှာနေ့စဉ်ရုန်းကန်နေ ရ ကြောင်းသိရှိခဲ့ရပါသည်။ ယုံကြည်သူများအသက်တာတွင် ပြည့်ဝစုံလင်ခြင်းမရှိကြောင်း ဘုရား

ရှင်၏နှုတ်ကပါတ်တရားတော်ကိုဆုတောင်းပြီးရှာဖွေခဲ့ရာနားမလည်သည့်မေးခွန်းများကို နားလည် သဘောပေါက်ခဲ့ပြီး ဘုရားရှင်အလိုတော်ကိုလိုက်လျှောက် အသက်ရှင်လျှင်ငြိမ်သက်ခြင်းကိုရရှိမည်ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

### *အသက်တာဘဝသစ်ကိုတည်ဆောက်ခြင်း*

လောရင့်နှင့်မိသားစုများသည် သူတို့ နေထိုင်ခဲ့သော ရီဝမ်ဒါ တိုင်းပြည်သို့ ပြန်လာခဲ့ကြပြီး သတ္တမနေ့အသင်းတော်ဘုရားကျောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး ထိုနေရာသို့ဘုရားဝတ်ပြုရန်သွားရောက်ကြသောအခါ အသင်းသားများက ၄င်းတို့မိသားစုအား နွေးထွေးစွာကြိုဆိုခဲ့ကြပါသည်။ ထို့နောက် ရွာတစ်ရွာတွင်ရှိသော ပရိုတက်စတင့်မူလတန်းကျောင်းတစ်ခုတွင် ဆရာအဖြစ်ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ပါသည်။ ထိုကျောင်းတွင်သတ္တမအသင်း မိသားစုမှ ကလေးငယ်တချို့လည်းလာရောက်ပညာသင်ကြားလျက်ရှိပါသည်။ ထို့ကြောင့်လောရင့်သည်သတ္တမနေ့ဥပုသ်နေ့တွင် သူ၏ကျောင်း၌ ထိုကလေးငယ်များနှင့်ဘုရားဝတ်ပြုဖို့ရန်စီစဉ်ခဲ့ရာ ကျောင်းအုပ်ချုပ်သူများမှ ကျောင်းဝင်းအတွင်းတွင် ဥပုသ်နေ့၌ဘုရားဝတ်ပြုခြင်းမပြုရန် တားဖြစ်ခြင်းကိုခံခဲ့ရပါသည်။ ထို့ကြောင့် လောရင့်သည် သတ္တမနေ့အသင်းသားကလေးငယ်များရှိသည့်နေရာသို့ သွားရောက်ပြီးသူတို့နှင့်အတူဘုရားဝတ်ပြုခဲ့ပါသည်။ သူ၏ယုံကြည်ချက်များကိုလည်း ရပ်ရွာတွင်း၌ အခြားသူများအားလည်း ဝေငှသက်သေခံခဲ့ပြီး တစ်ချိန်တည်းမှာပင်ဧဝံဂေလိတရားပွဲများကို တောင်ကုန်းလေးတစ်နေရာ၌ ကျင်းပခဲ့ရာ ထိုအချိန်သည်မိုးတွင်းအခါဖြစ်သောကြောင့် တရားပွဲကျင်းပနေစဉ်အတွင်းမိုးမရွာဖို့ရန် လောရင့်တစ်ယောက် ဘုရားရှင်ထံဆုတောင်းခဲ့ပါသည်။ ဘုရားရှင်ကလည်း တရားပွဲများအတွင်း မိုးတိမ်များ ထူထပ်စွာတက်လာသော်လည်း တရားပွဲပြုလုပ်နေစဉ်ရက်ပိုင်းအတွင်း မိုးရွာခြင်းမှကာကွယ်ပေးခဲ့ကြောင်းလောရင့်သက်သေခံခဲ့ပါသည်။

ဧဝံဂေလိတရားပွဲပြီးဆုံးသောအခါ လူ(၁၉)ဦးနှစ်ခြင်းမင်္ဂလာခံယူခဲ့ပါသည်။ ဌာနချုပ်အသင်းတော်မှ ယုံကြည်သူများဘုရားဝတ်ပြုနိုင်ရန် မြေကွက်တကွက်ဝယ်ပေးခဲ့ပြီးထိုမြေကွက်တွင် ဧဝံဂေလိတရားပွဲထပ်မံကျင်းပခဲ့ရာ ထပ်မံ၍ လူ(၆၀)နှစ်ခြင်းမင်္ဂလာခံယူခဲ့ပြန်သည်။ ယခုအချိန်၌ အသင်းတော်မိသားစုများ ဘုရားဝတ်ပြုနိုင်ရန် ဘုရားကျောင်းမဆောက်နိုင်သေးပေ။

### *အမှုတော်ဆောင်ရန်ဆုတောင်းခြင်း*

လောရင့်အသက်တာ၌ ဘုရားရှင်၏အမှုတော်ပိုမိုလုပ်ဆောင်လိုပါသေးသည်။ ဓမ္မတက္ကသိုလ်သို့ပြန်တက်ပြီး ဘုရားအမှုတော်ဆောင်တစ်ဦးဖြစ်ရန် ဆန္ဒရှိနေပါ



သေးသည်။ ယခုလောရင့်တို့ ဇနီးမောင်နှံနှစ်ဦးမှာ အာဖရိကအလယ်ပိုင်းတွင်ဖွင့်ထားသောသတ္တမနေ့အသင်းတော်ဓမ္မတက္ကသိုလ်တွင် (သီအော်လော်ဂျီ)ဘာသာရေးဆိုင်ရာ ဓမ္မပညာရပ်ကို ဆည်းပူးလေ့လာနေကြပါသည်။ ဘုရားရှင်သည် သူ၏အမှုတော်ကိုထမ်း
ဆောင်ဖို့ရန် နည်းလမ်းပေါင်းများစွာ စီစဉ်ပေးနိုင်ခဲ့ပါသည်။ ယခု(၁၃)ပတ်အလှူငွေသည် အာဖရိက အလယ်ပိုင်းတွင်ရှိသော သတ္တမနေ့ဓမ္မတက္ကသိုလ်ခြံဝင်းအတွင်း အထွေထွေလုပ်ငန်းများပြုလုပ်နိုင်ရန် အဆောက်အဦးတစ်ခု တည်ဆောက်မည်ဖြစ်သောကြောင့်အလှူတော်ငွေများကို ရက်ရောစွာထည့်ဝင်လှူတန်းကြပါရန် တက္ကသိုလ်ကျောင်းကြီးတွင်လူငယ်လူရွယ်(၂)ထောင်ကျော်အား ဘုရားရှင်၏မေတ္တာတော်သိရှိရန် ဆုတောင်းခြင်းဖြင့် သတိရကြရန် နိုးဆော်တိုက်တွန်းအပ်ပါသည်။

-----o-----

## 'ဘုရားရှင်ကိုရွေးချယ်ခြင်း'

မတ်လ (၁၃) ရက်၊ ၂၀၁၀ ခုနှစ်

ဟာန၏ခင်ပွန်းသည်က ဟာနအားအကယ်၍ သင်ယခုမြော်လင့်ခြင်းအသင်းတော်သို့ဝင်လိုက်ပါကဇနီးသည်အဖြစ်မှစွန့်လွှတ်လိုက်မည်ဟူသော စကားကိုကြားရသောအခါ ဟာန၏ နှလုံးသားမှာထိုးဖောက်ခံရသကဲ့သို့ ခံစားခဲ့ရပါသည်။

### *အိမ်တွင်းအခက်အခဲများ*

ဟာနသည် သင်းအုပ်ဆရာမတစ်ဦးအဖြစ်ဖြင့် ၁၅ နှစ်တိုင်တိုင် အမှုတော်ဆောင်ခဲ့ပြီးကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့အစွန်လေးတွင် နေထိုင်ပါသည်။ သူမ၏အမှုတော်လုပ်ငန်းတွင် ဝိဉာဉ်မြောက်များစွာရိတ်သိမ်းနိုင်ခဲ့ပြီး ပျော်ရွှင်မှုအပေါင်းနှင့်ပြည့်ဝခဲ့ပါသည်။ ပတ်ဝန်းကျင်မှလူများသည်လည်း သူမကို ရိုသေလေးစားမှုရှိကြပြီး ဘုရားအမှုတော်ဆောင်ရွက်စဉ် ဒုက္ခအခက်အခဲများ မိသားစုအတွင်းဝင်ရောက်လာခဲ့ပါသည်။ သူမ၏ ခင်ပွန်းသည်မှာ သူမ၏အလုပ်အကိုင်အပေါ် ဘဝင်မကျဖြစ်နေပါသည်။

တနေ့ ဟာနသည် ဌာနချုပ်တွင်သွား၍ လစာထုတ်သောအခါ သင်းအုပ်ဆရာမအလုပ်မှနုတ်ထွက်စာကို တွေ့လိုက်ရသောအခါ အံ့အားသင့်ပြီး သတိလစ်သွားပေတော့သည်။ အဖြစ်မှန်မှာ ခင်ပွန်းသည်သည် သူ၏ကိုယ်စား နုတ်ထွက်စာကိုရေးပြီး အမှုတော်လုပ်ငန်းမှ အတင်းအကျပ်အနားယူခိုင်းလိုက်ခြင်းဖြစ်ပါသည်။ ဟာနသည် အိမ်သို့ပြန်ရောက်သောအခါ ဇနီးသည် တာဝန်ဝတ္တရားများကို ကျိုးစားလုပ်ဆောင်ခဲ့သလိုခင်ပွန်းသည်မှာ တောင်းဆိုမှုများစွာဖြင့် ပြသနာရှာပါတော့သည်။ သူမ၏ ငွေကြေးဖြင့်အစားအစာများကို ဝယ်ယူခြင်းမပြုရန် တားမြစ်ခဲ့သည်။

## ယုံကြည်ခြင်းကြောင့်အခက်အခဲကိုရင်ဆိုင်ရခြင်း

ဟာနသည် ဘုရားကျောင်းသို့သွားရောက်ဆုတောင်းခြင်းကို အလွန်နှစ်သက်သူတဦးဖြစ်သည်။ ဘုရားကျောင်းသို့သွားရောက်ရာတွင် ဘတ်စ်ကားခ မလုံလောက်သဖြင့် လမ်းလျှောက်သွားရပါသည်။

စားသောက်ဖို့ရန်အစားအစာမလုံလောက်သဖြင့် သူမ၏ဘဝတွင် အားအင်ချို့တဲ့လာကြောင်းကို သူ၏သူငယ်ချင်းများကတွေ့ရှိသောအခါ သင်းအုပ်ဆရာအိမ်သို့ခေါ်သွားခဲ့ပါသည်။ ထိုအခါ ဆရာ၏ဇနီးသည်က သူမအား ကျွေးမွေးပြုစုကာ အတူတကွ(၃)ရက်တိုင်တိုင် ဆုတောင်းကြပါသည်။ (၃)ရက်ပြည့်ပြီးနောက် ဟာနသည် မိမိအိမ်သို့ပြန်သွားသည့်အခါ အိမ်မရောက်ခင် ဈေးအပြင်ဘက်တစ်နေရာတွင် ဓမ္မဆရာတစ်ဦး၏တရားဟောချက်များကို ရုတ်တရက်ကြားလိုက်ရသည်။ထိုတရားစကားများသည်သူမ၏ နှလုံးသားကိုထိမိသဖြင့် သမ္မာကျမ်းစာအတိုင်းအသက်ရှင်လိုစိတ်များပြင်းပြလာခဲ့ပါတော့သည်။ တရားပွဲပြီးဆုံး၍ မိမိအိမ်သို့ပြန်လာသောအခါတွင် အနောက်ဘက်မှအသံကိုကြားလိုက်ရသည်။ "သင်ဘုရားကို ရွေးချယ်မည်ဆိုပါက ခေတ္တရပ်လိုက်ပါ" ဟူ၍ဖြစ်သည်။ ဟာနသည် လှည့်ကြည့်လိုက်ရာ ထိုစကားပြောသူမှာ ဈေးတရားပွဲတွင်ဟောပြောခဲ့သော ဓမ္မဆရာပင်ဖြစ်နေသည်ကို တွေ့ရှိလိုက်ပါတော့သည်။ ထိုဓမ္မဆရာက ဟာနအား ကျွန်ုပ်တရားဟောစဉ်က သင့်ကိုတွေ့လိုက်ရပြီး ဘုရားရှင်ကသင်နဲ့စကားပြောဖို့ စေလွှတ်လိုက်ခြင်းပင်ဖြစ်သည်ဟု ဟာနအားပြောဆိုပြီး ဘုရားရှင်၏အမှုတော်၌ ပါဝင်ဆက်ကပ်ရန် သင့်အားရွေးချယ်လိုက်ကြောင်းပြောဆိုခဲ့ပါသည်။

ဘုရားရှင်သည် သူမ၏ ဆုတောင်းချက်ကိုအဖြေပေးကြောင်း ဟာန သိရှိလိုက်ပါသည်။ ဓမ္မဆရာကလည်း သူ၏တရားဟောပွဲကို နေ့စဉ်လာရောက်နားထောင်ဖို့ရန်ဖိတ်ခေါ်သောအခါ ဟာနလည်း သွားရောက်နားထောင်မည်ဟု ကတိပေးလိုက်ပါသည်။

## အမှန်တရားကို သိရှိဘို့ဆာလောင်မွတ်သိပ်ခြင်း

ထိုဓမ္မစည်းဝေးပွဲသို့ ဟာန၏ခင်ပွန်းသည်နှင့်တကွ ကလေးများလည်းအတူသွားရောက်နားထောင်ကြပြီး ဟာန၏ စိတ်နှလုံးထဲ၌ခိုင်မာသော ယုံကြည်ချက်များတဖြည်းဖြည်းချင်းကြီးထွားရှင်သန်ခဲ့ပါသည်။

ဘုရားရှင်နောက်သို့ သစ္စာရှိစွာလိုက်ဘို့နှင့်အမှန်တရားကိုစွဲကိုင်ထားဘို့ရန် ဓမ္မဆရာထံမှရှင်းလင်းစွာကြားနာခဲ့ရပြီး နောက်တနေ့တွင်ထိုဓမ္မဆရာကို ရှာဖွေခဲ့ပြီး သူနှင့်အတူဝိညာဉ်ရေးရာကိစ္စရပ်များကို ဆွေးနွေးကြပါသည်။ သူမသည် နှစ်ပေါင်းများစွာသင်းအုပ်ဆရာမအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သော်လည်း ဓမ္မဆရာ၏ တရားဒေသနာများအား ကြားရသောအခါ သူမ၏စိတ်ထဲ၌ သမ္မာတရားကိုပိုမိုသိရှိလေ့လာ



ချင်စိတ်တိုးပွားလာကြောင်း၊ ဘုရားအလိုတော်များကို ထိုဓမ္မဆရာနှင့်နှစ်နာရီခန့်မျှဆွေးနွေးကြပြီး ဟာန၏အသက်တာတွင် အသစ်သောအမှန်တရားများကို တွေ့မြင်လာခဲ့ရပါသည်။

ဟာန၏ခင်ပွန်းသည်မှာ ထိုတရားပွဲသို့ဓမ္မဆရာမှ ဥပုသ်နေ့နှင့်ပတ်သက်သောတရားဒေသနာများဟောပြောသည့်နေ့အထိ နေ့စဉ်မှန်မှန်တက်ရောက်နားထောင်ခဲ့ပြီး ဇနီးသည်ဖြစ်သူ ဟာနမှာအမှန်တရားနောက်သို့လိုက်ဖို့ရန်ဆုံးဖြတ်တော့မည်ကိုသိရှိနားလည်ပြီး "သူမအနေဖြင့်သတ္တမနေ့အသင်းတော်သို့ဝင်ရောက်မည်ဆိုပါကသူမအားဇနီးသည်အဖြစ်မှ စွန့်လွှတ်လိုက်မည်"ဟုသူမအားခြိမ်းခြောက်ပြောဆိုခဲ့ပါသည်။

## လွှတ်လပ်မှုအတွက်ထွက်ပြေးခြင်း

အိမ်ထောင်တွင်မခံမရပ်နိုင်မှုများဖြစ်ပေါ်လာပြီး ဟာနသည်ကလေးငယ်များကိုခေါ်ကာ မိမိ၏မိဘများအိမ်သို့ထွက်ပြေးခဲ့ပါတော့သည်။ သတ္တမနေ့အသင်းတော်မှ သင်းအုပ်ဆရာသည် သူတို့၏အိမ်သို့အမြဲအလည်အပတ်ရောက်ရှိခဲ့ပြီး သမ္မာတရားကိုဝေမျှကာ မိသားစုများအား မေတ္တာပြသခဲ့ပါသည်။

မိဘများနေသည့် ရွာကလေးတွင် ဧဝံဂေလိဓမ္မစည်းဝေးပွဲကို ကျင်းပခဲ့ရာအဆုံး၌(၃၀)ဦး နှစ်ခြင်းမင်္ဂလာခံယူသည့်အထဲတွင် ဟာန၏မိဘများလည်းပါဝင်ခဲ့ပါသည်။

ဟာန၏ ဖခင်က သူတို့ပိုင်ဆိုင်သောမြေကွက်ကိုအသင်းတော်သို့လှူဒါန်းခဲ့ပြီးယနေ့ လူပေါင်း(၆၀)ဦးမှာဝတ်ပြုကိုးကွယ်နေကြပြီဖြစ်ပါသည်။ ဟာနသည်ယခုကမ္ဘာအနှံ့သာသနာပြုအဖွဲ့တွင် တာဝန်ထမ်းဆောင်နေပြီး ဘုရားရှင်၏ချစ်ခြင်းမေတ္တာနှင့်သမ္မာတရားက ဟာန၏အသက်တာကိုပြောင်းလဲစေခဲ့ပါသည်။

သင်၏သာသနာအလှူငွေအားဖြင့်ကမ္ဘာအနှံ့သာသနာပြုခြင်းလုပ်ငန်းများကိုကူညီထောက်ပံ့သွားပါမည်။

-----o-----

## သတို့သမီးကလေးငယ်

မတ်လ (၂၀) ရက်၊ ၂၀၁၀ ခုနှစ်

ရှစ်နှစ်အရွယ်ရှိ သမီးငယ် ခရစ်စတင်းသည် ဖခင်၏နွားကြီးကိုစီးပြီး အိမ်ပြန်လာခဲ့ပါသည်။ အိမ်သို့ပြန်ရောက်သောအခါ စိတ်လှုပ်ရှားဖွယ်ရာအဖြစ်အပျက်များကိုတွေ့ရှိရပါသည်။ သူ၏မိခင်နှင့်အဒေါ်ဖြစ်သူမှာ အလာဘ သလာဘ စကားများပြောဆိုနေပြီး ခရစ်စတင်း၏အမဖြစ်သူ၏ မင်္ဂလာပွဲအတွက် အစားအသောက်များပြင်ဆင်နေကြပါသည်။

ခရစ်စတင်းဆိုသည့် အမျိုးသမီးမှာ ကင်ညာနိုင်ငံ တောင်ပိုင်းတွင်နေထိုင်သော မဇိုင်း လူမျိုး ဖြစ်ပါသည်။ ထိုလူမျိုးများသည် သိုးနွား ထိမ်းကျောင်းသောလုပ်ငန်းကို လုပ်ကိုင်ပြီး စားကျက်ပြောင်းရွှေ့နေထိုင်ကြသောလူမျိုးများဖြစ်ပါသည်။ ခရစ်စတင်းသည် ဖခင်၏ သိုးနွားများကို ထိန်းကျောင်းသောအလုပ်လုပ်ကိုင်သူဖြစ်ပါသည်။ ကျောင်းနေချင်သော်ငြားလည်း ဖခင်က စာရေးတတ်ဖတ်တတ်ရန်မလိုကြောင်း မိန်းခလေးများသည် အချိန်တန်လျှင် မင်္ဂလာဆောင်ရမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။

သူတို့ မဇိုင်လူမျိုး၏ ယဉ်ကျေးမှုအရမိန်းခလေးများသည် အသက်(၁၃)နှစ်အရွယ်တွင်မင်္ဂလာဆောင်ကြရပါသည်။ တခါတရံ ဤထက်ငယ်ရွယ်သောအရွယ်၌ပင် မိမိထက်အသက်အရွယ်အလွန်ကြီးသောသူများနှင့်လက်ထပ်ကြရပါသည်။ အမျိုးသားများသည်လည်းဇနီးသည်တစ်ဦးထက်မက လက်ထပ်ထိမ်းမြားကြပါသည်။

## *အစားထိုးခံရသော သတို့သမီး*

ခရစ်စတင်း၏ အမ မင်္ဂလာဆောင်မည့်ရက်တွင် မင်္ဂလာပွဲကို ကြည့်ရှုရန်အတွက် သိုးနွားများကို ခြံထဲသို့စောစောသွင်းခဲ့ပြီး ပြန်လာခဲ့ရာ အမျိုးသားကြီးတစ်ယောက်မှာ သူ၏အမနှင့်မင်္ဂလာဆောင်မည့်အကြောင်းကို ဖခင်နှင့်စကားပြောဆိုနေခြင်းကိုတွေ့မြင်လိုက်ရပြီး ထိုသူမှာ သူ့ဖခင်၏အရွယ်ခန့်ဖြစ်နေသည်သာမက သူ၏အမူအယာမှာ အလွန်စိတ်ဆိုးနေကြောင်းတွေ့ရပါသည်။ မင်္ဂလာဆောင်မည့်သူ၏အမဖြစ်သူမှာ ရှာဖွေမတွေ့တော့ဘဲ ထွက်ပြေးသွားကြောင်းသိရှိရပါသည်။ ရုတ်တရက်အမနှင့်မင်္ဂလာဆောင်မည့်လူကြီးမှာ ခရစ်စတင်းအား ပွေ့ချီလိုက်ကာ သူ၏ကားအိုကြီးဆီသို့ခေါ်ဆောင်သွားလေသည်။

သူမမှာ အကြမ်းဖက်မှုကြောင့် အော်ဟစ်ကာ ကားအတွင်းငိုယိုလိုက်ပါသွားရပြီး ထိုလူကြီးမှာကားကိုအတင်းမောင်းထွက်သွားပါသည်။ အိမ်ငယ်ကလေးတအိမ်ရှေ့၌မော်တော်ကားရပ်သွားသောအခါ ထိုလူကြီးမှာ သူမအားကားပေါ်မှဆင်းခိုင်းပြီး သတို့သမီးဖြစ်သူ၊ သူ၏အမထွက်ပြေးသွားသောကြောင့် သူမ၏ဖခင်မှ သူမအားအစားထိုးလိုက်ကြောင်း ထိုလူကြီးမှ ပြောပြရာ သူမ၏မျက်လုံးမှမျက်ရေများ စီးကျလာပါသည်။

ထိုသူက သူမအား “သင်သည်ယခုကျွန်ုပ်၏ဇနီးသည်ဖြစ်သွားပြီ” သင်ကျွန်ုပ်ခိုင်းသမျှလုပ်ရမည်ဟု စူးရှသောအသံနှင့်ပြောဆိုလိုက်ပြီး ထိုစဉ် ထိုလူကြီး၏ မိခင်မှာ တဲအတွင်းမှထွက်လာပြီး ကြောက်ရွံ့နေသော ကလေးမလေးခရစ်စတင်းအား ရေထည့်ထားသည့်ခရားကိုကိုင်ကာ ထိုအမျိုးသမီးညွှန်ပြသောနေရာသို့လမ်းလျှောက်သွားခိုင်း



ပါသည်။ ထိုနေ့ညတွင်(၈)နှစ်အရွယ်သမီးလေး ခရစ်စတင်းမှာ မှောင်မိုက်ထဲမှခါးသီးသောအတွေ့အကြုံများကြောင့်ငိုခဲ့ရပြီး တစ်ကိုယ်တည်းစိုးရိမ်ကြောက်နေခဲ့ရပါသည်။ သူမ၏ မိခင်ကိုလည်းအလွန်သတိရကာ ယေက္ခမကြီးကိုလည်းကြောက်လန့်နေရပါသည်။ ကျောင်းနေဖို့ရန်မျှော်လင့်ချက်များလည်း ပျောက်ဆုံးခဲ့ရပါသည်။

ထိုလူကြီး၏ မိခင်နှင့်ခရစ်စတင်းအတူနေခဲ့ရပြီး သူ့ကိုရက်စက်စွာ ဆက်ဆံကြပါသည်။ ထို့ကြောင့်ညစဉ်ညတိုင်းငိုခဲ့ရပါသည်။

## *ကယ်တင်ခံရခြင်း*

အချိန်အနည်းငယ်နှောင်းသွားပြီး နောက်တနေ့တွင် အမျိုးသမီးကြီးနှင့်ရဲသားတချို့ လူမှုဝန်ထမ်းနှင့်ကလေးငယ်များကာကွယ်စောင့်ရှောက်ရေးဌာနမှ အရာရှိတစ်ဦးအိမ်တံခါးဝသို့ရောက်ရှိလာခဲ့ပြီး ငယ်ရွယ်သောကလေးကို လက်ထပ်ထိမ်းမြားမှုဖြင့် လူကြီးအားဖမ်းဆီးခေါ်ဆောင်သွားပါသည်။ ခရစ်စတင်းမှာမူအလွန်ကြောက်လန့်နေပြီးထိုအမျိုးသားကြီးနှင့်သူ့မိခင်၏ လက်အောက်မှ လွတ်မြောက်ခဲ့ခြင်းကြောင့် ဝမ်းမြောက်ခဲ့ရပါသည်။

သူမနှင့်အတူ လိုက်ပါလာသောအမျိုးသမီးကြီးမှာ ကင်ညာတိုင်းပြည်၏ လွင်ပြင်တနေရာအရောက်တွင် ခရစ်စတင်းအားကြင်နာသောအသံဖြင့် “အန်တီ၊ သမီးကိုကျောင်းတကျောင်းတွင်ခေါ်သွားပြီး သမီးထိုနေရာတွင်ပညာသင်ကြားရမည့်အကြောင်း” ပြောပြရာ ခရစ်စတင်းမှာ မယုံနိုင်လောက်အောင်ဖြစ်ခဲ့ရပြီး သူ၏အိပ်မက်ကိုအကောင်အထည်ဖေါ်ရပေတော့မည်။

ကျောင်းသို့ရောက်သောအခါ ထိုအမျိုးသမီးကြီးသည် ခရစ်စတင်းအားမိမိအိမ်သို့ခေါ်ဆောင်သွားပြီး မိနစ်အနည်းငယ်ကြာသောအခါ ခရစ်စတင်း၏အမဖြစ်သူဝင်လာသဖြင့် အလွန်အံသြဝမ်းသာစွာဖြင့် နှစ်ဦးသားပွေ့ဖက်လျှက်ငိုပွဲဝင်ခဲ့ကြပါသည်။ ယခုသူမတစ်ဦးတည်းမဟုတ်တော့ပေ။

## အိပ်မက်ပြည့်စုံသွားခြင်း

ရက်အနည်းငယ်ကြာပြီးနောက်ခရစ်စတင်းသည် ပညာများစတင်သင်ယူခဲ့ပါသည်။ အမဖြစ်သူထံမှလည်း ကူညီပံ့ပိုးမှုကိုရရှိခဲ့ပါသည်။ ကျောင်းနှစ်ပြီးဆုံးသွားသောအခါတွင် ကျောင်းနေဖက်အခြားသူငယ်ချင်းများမိမိအိမ်သို့ပြန်သွားကြသော်လည်း ကျောင်းအုပ်ဆရာမကြီးက ခရစ်စတင်းနှင့်အစ်မဖြစ်သူအားခေါ်ယူပြီး သူတို့ဖခင်ဖြစ်သူမှာညီအစ်မနှစ်ဦးအပေါ် အလွန်စိတ်ဆိုးနေကြောင်း ထို့ကြောင့်ညီအစ်မနှစ်ဦးကျောင်းတွင်ကျန်ရစ်ခဲ့သည်မှာ လုံခြုံမှုရှိကြောင်းပြောပြခဲ့ပါသည်။ ခရစ်စတင်းနှင့်ညီအစ်မနှစ်ဦးတက်ရောက်နေသောကျောင်းမှာ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ကျောင်းဖြစ်

ဆည်းပူးလေ့လာကြပါသည်။

ခရစ်စတင်း၏ အသက်တာတွင် ဆရာဝန်တစ်ဦးအနေဖြင့် မိမိလူမျိုးများကို ပြန်လည်ပြုစုစောင့်ရှောက်ဘို့ရည်မှန်းထားပါသည်။

ခရစ်စတင်း၏ ဖခင်ကြီးမှာ သမီးနှစ်ဦးအပေါ် ကာလကြာရှည်စွာစိတ်ဆိုးခြင်း မပြုတော့ဘဲ သူ၏သမီးများအတွက် ယနေ့ဂုဏ်ယူဝင့်ကြွားလျှက်ရှိနေပါသည်။

ခရစ်စတင်း၏အသက်တာသည် ကမ္ဘာ့မိသားစုဝင်တစ်ဦးအနေဖြင့်သာမကဘဲ ကောင်းကင်မိသားစုဝင်ဖြစ်ဘို့ရန် ယနေ့နှုတ်ကပါတ်တော်ကိုလေ့လာနေပါသည်။

ခရစ်တော်သည်ကျွမအား အပြစ်မှကယ်တင်ခဲ့ပြီး အနာဂတ်အတွက်မြော်လင့်ခြင်းကိုပေးခဲ့ပါသည်။ တကြိမ်တခါမှ အိပ်မက်ခြင်းကိုမမက်ခဲ့သောဘဝသစ်ကိုပေးခဲ့ကြောင်းသူမပြောပြခဲ့ပါသည်။ မဖိုင်းလူမျိုးများကိုကယ်တင်ရန်နှင့် လူ့အခွင့်အရေး၊ ကျန်းမာရေးပြန်လည်ထူထောင်ရေးဗဟိုဌာနကိုဆောက်လုပ်ပြီး၊ အရွယ်မရောက်သေးသောအမျိုးသမီးများကိုအတင်းအဓမ္မလက်ထပ်ခြင်းမှကာကွယ်ရန်နှင့်ခရစ်တော်နှင့်အတူအသက်တာကိုလျှောက်လှမ်းပြီး ပညာများသင်ကြားနိုင်ဘို့ သာသနာအလှူတော်ငွေများကိုအသုံးပြုသွားမည်ဖြစ်ပါသဖြင့် ရက်ရောစွာထည့်ဝင်လှူဒါန်းကြဘို့ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

-----o-----

## တဆယ့်သုံးပတ်အစီအစဉ်

မတ်လ (၂၇) ရက်၊ ၂၀၁၀ ခုနှစ်

အဖွင့်သီချင်း။ ။ "ကမ္ဘာအတွက်ခရစ်တော်ကျူး"
သတ္တမနေ့အသင်းတော်ဓမ္မသီချင်းစာအုပ်အမှတ် ၃၇၀

ကြိုဆိုနှုတ်ခွန်းဆက်ခြင်း။ ။ ဥက္ကဌ (သို့) ဥပုသ်စာဖြေခေါင်းဆောင်တဦးဦး

ဆုတောင်းခြင်း။ ။

အစီအစဉ်။ ။"မနက်ဖြန်အတွက်အဆောက်အဦး"

အလှူငွေ။ ။ အလှူငွေကောက်ခံနေစဉ်ကလေးငယ်များကိုအထူးသီချင်းသီဆိုခိုင်းပါ။

စည်းဝေးပိတ်သီချင်း။ ။ "ကျွန်ုပ်ဘုရားပို့ဆောင်မှုပါကျူး"
သတ္တမနေ့အသင်းတော်ဓမ္မသီချင်းစာအုပ်အမှတ် ၃၇၀

အပိတ်ဆုတောင်း။ ။



## *မနက်ဖြန်အတွက်အဆောက်အဦး*

**ပါဝင်သူများ။** ။ စကားပြောမည့်သူသုံးဦးမှာ စကားပြောသူတဦးနှင့်အကြောင်းအရာတင်ဆက်သူ နှစ်ဦးဖြစ်ပါသည်။

**ထောက်ပံ့ပေးသည့်ပစ္စည်းများ။** ။အာဖရိက အရှေ့အလယ်ပိုင်း ဒီဗီဇ်၏တည်နေရာပြသသည့် မြေပုံကြီးကြီးတခု၊ မြော်လင့်ခြင်းသာသနာ ဝက်ဆိုက်မှ ပါဝါပွိုင့်၏ဓတ်ပုံများ၊ စာရွက်အဖြူအကြီးတစ်ခုတွင် ယခုတဆယ့်သုံးပတ်စီမံကိန်းများကို မြေပုံဆွဲပြီးရှင်းပြရန်။

**စကားပြောသူ။** ။ ယခုဆယ့်သုံးပတ်တွင် အာဖရိကအရှေ့အလယ်ပိုင်း ဒေဝီဇ်အကြောင်းကိုလေ့လာခဲ့ကြပါသည်။ ထိုဒေဝီဇ်တွင် ပါဝင်သောနိုင်ငံများမှာ ဘူရန်တီ၊ နိုင်ငံ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတ နိုင်ငံ၊ အီထရီယာ နိုင်ငံ၊ ဒီဘောင်တီ နိုင်ငံ၊ အီသီယိုပီးရားနိုင်ငံ၊ ကင်ညာနိုင်ငံ၊ ရီဝမ်ဒါ နိုင်ငံ၊ ဆိုမာလီ နိုင်ငံ၊ တန်ဇန်းနီးယား နိုင်ငံနှင့် ယူဂန်ဒါ နိုင်ငံတို့ပါဝင်ကြပါသည်။

ထိုဒေဝီဇ်အတွင်း အချို့အသင်းတော်များမှာ အလွန်ကြီးစား ရှန်းကန်နေကြရပြီး အချို့တိုင်းပြည်များတွင် ခြေကုတ်ရယူနိုင်ဘို့နည်းလမ်းမျိုးစုံအသုံးပြုနေကြရပါသည်။ သတ္တမနေ့ အသင်းသားပေါင်း ၂.၄ သန်းရှိပြီး ပျှမ်းမျှခြင်းအချိုးအရ လူ ၁၀၉ ဦးတွင် သတ္တမနေ့အသင်းသားတဦးရှိပါသည်။

လွန်ခဲ့သောနေ့ရက်များ၌ အချို့တိုင်းပြည်များတွင် ပြည်တွင်းစစ်များနှင့်လူမျိုးစုများအချင်းချင်း သတ်ဖြတ်မှုများဖြစ်ပေါ်ခဲ့ပြီး လူပေါင်းမြောက်မြားစွာ သေကြေပျက်စီးခဲ့ကြပါသည်။ ယခု(၁၃) ပတ်အလှူငွေသည် ထိုဒေဝီဇ်ရှိ နိုင်ငံနှစ်ခုသို့ သွားရောက်မည်ဖြစ်ပါသည်။ ယနေ့ အာဖရိကတိုက်မှ သေးငယ်သော နိုင်ငံငယ်လေးနှစ်ခုအကြောင်းကြားသိရမည်ဖြစ်ပါသည်။ ထိုနိုင်ငံနှစ်ခုမှာ ဘူရန်တီနိုင်ငံနှင့် ရီဝမ်ဒါနိုင်ငံတို့ဖြစ်ပြီး ၎င်းနိုင်ငံနှစ်ခုကို မြေပုံထဲတွင် ကြည့်လိုက်သောအခါ အာဖရိကတိုက်၏ အသဲနှလုံးနေရာတွင် တည်ရှိနေပါသည်။ အချို့တိုင်းပြည်များမှာ လူဦးရေအလွန်နည်းပါးသော်လည်း အချို့မှာလူဦးရေအလွန်ထူထပ်သိပ်သည်းသောနိုင်ငံများဖြစ်ကြောင်းတွေ့ရှိရပါသည်။ အများသောသူတို့မှာ ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး မိသားစုဝင်ငွေကိုစိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးရှာဖွေကြသည်ကို တွေ့မြင်ကြရပါသည်။ မီးသင်းကျောက်၊မြေဩဇာများကလည်း စိုက်ပျိုးရေးကိုအောင်မြင်စေဘို့ တွန်းအားပေးလျှက်ရှိနေပါသည်။

**တင်ဆက်သူ သတင်းထောက်(၁)။** ။ ဘူရန်တီ နိုင်ငံလေးသည်အလွန်သေးငယ်

သော်လည်း လူဦးရေထူထပ်သောတိုင်းပြည်တခုဖြစ်ပါသည်။ အများသောသူများသည် မိမိတို့၏ အိမ်အနီးတွင်ရှိသော လယ်ယာမြေများတွင်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပြီး အသက်မွေးမြူကြရပါသည်။ ဘူရန်တီနိုင်ငံအတွင် ပျှမ်းမျှခြင်းအားဖြင့် လူဦးရေ ၇၈ ဦးတွင် သတ္တမနေ့အသင်းသားတစ်ဦးရှိပါသည်။ အသင်းသူ/သားအများစုမှာ ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး "ဘူဂျန်ဘူရာ" တွင်အသင်းသားအနည်းငယ်သာရှိပြီး လူဦးရေ ၃၂၅၀၀၀ ရှိပါသည်။ စီးပွားရေးနှင့်ပညာရေးလုပ်ငန်းများအတွက် အချက်အခြာကျသော မြို့တော်ဖြစ်ပါသည်။

နှစ်ပေါင်းများစွာ ဆေးခန်းငယ်လေးများ ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ယခုဆယ့်သုံးပတ်အလှူငွေဖြင့်မြို့တော် "ဘူရန်ဘူရာ" တွင်ရှိသော အချက်အခြာကျသောနေရာတခုတွင် ကုတင် ၆၀ ဆန့်သော ဆေးရုံကိုတည်ဆောက်သွားပြီး အရေးပေါ်အခန်း၊ သားဖွားခန်း၊ သွားဘက်ဆိုင်ရာဆေးခန်းများကိုတပါတည်းထည့်သွင်းဆောက်လုပ်သွားပါလိမ့်မည်။ ဧဝံဂေလိ လုပ်ငန်းတွင် ညာလက်ရုံးဖြစ်သော ကျန်းမာခြင်းလုပ်ငန်းများဖြင့် ကြီးမားသောလူမှုဖူလုံရေး လုပ်ငန်းများဆောင်ရွက်သွားဘို့ တတ်အားသ၍ ဝိုင်းဝန်းကူညီမစကြဘို့ရန် တင်ပြလိုက်ပါသည်။

***စကားပြောသူ (သို့) ဖြစ်ရပ်များကိုပြောပြသူ***

ရီဝမ်ဒါ နိုင်ငံသည် ဘူရန်တီ နိုင်ငံ၏ မြောက်ပိုင်းတွင်တည်ရှိပြီး ယခု(၁၃)ပတ်တွင်စီမံကိန်း ၃ ရပ်ကို အကောင်အထည်ဖေါ်သွားမည့်အကြောင်းကို ဦး ---------------- မှတင်ပြသွားမည်ဖြစ်ပါသည်။

**တင်ဆက်သူ သတင်းထောက် (၂)။** ။ ကမ္ဘာပေါ်တွင် သတ္တမနေ့အသင်းသား ပျှမ်းမျှခြင်းအချိုးအစားအကောင်းဆုံးတိုင်းပြည်ကိုဖေါ်ပြရမည်ဆိုပါက ရီဝမ်ဒါ နိုင်ငံပင်ဖြစ်ပါသည်။ လူဦးရေ ၂၂ ဦးတွင် သတ္တမနေ့အသင်းသားတစ်ဦး ရှိနေပါသည်။

၁၉၈၃ ခုနှစ်တွင် အာဖရိက အလယ်ပိုင်းတွင် သတ္တမနေ့အသင်းတော်တက္ကသိုလ်ကြီးကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ မြို့တော် ကင်ဂါလီနှင့် မလှမ်းမကမ်းတွင်ရှိပြီး လှပသောတောင်ကုန်းလေးပေါ်တွင် တည်ဆောက်ထားပါသည်။ ၁၉၉၂ ခုနှစ်တွင် ကျောင်းသားဦးရေ ၄၄၅ ဦးတက်ရောက်ပညာ သင်ကြားလျှက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့နောက် ၁၉၉၃ ခုနှစ်တွင် ပြည်တွင်းလူမျိုးစုအချင်းချင်းသတ်ဖြတ်သောစစ်ပွဲများကြောင့်ကျောင်းတော်ကြီးကိုပိတ်ခဲ့ရပါသည်။ ထို့နောက် ရီဝမ်ဒါ အစိုးရက ထိုနေရာအား စစ်တပ်၏အခြေခံအဆောက်အဦးအဖြစ်ထိန်းသိမ်းလိုက်ပါသည်။

အသင်းတော်မှမြို့တော်ကင်ဂါလီတွင် မြေတကွက်ကိုဝယ်ပြီး ယခုအချိန်တွင်



အာဖရိကအလယ်ပိုင်း သတ္တမနေ့အသင်းတော် ဓမ္မတက္ကသိုလ်ကြီးကို ဖွင့်လှစ်ခဲ့ပြီး ကျောင်းသားပေါင်း ၂၂၀၀ ကျော်ရှိပြီး အများစုမှာ အသင်းသားများမဟုတ်ကြပေ။ ယခုထိုကျောင်းတော်ကြီးတွင် လိုအပ်နေသေးသည့်အိပ်ခန်းများ၊ ကျောင်းဆောင်များ၊ ထမင်းစားခန်းများနှင့်ဘက်စုံလုပ်ငန်းများတွင် အသုံးပြုရန်နှင့်ဘုရားဝတ်ပြုဘို့ခန်းမကြီးတခုကိုတည်ဆောက်သွားပြီး ထိုနေရာကို ဧဝံဂေလိတရားဟောပြောဘို့၊ ဆုတောင်းစည်းဝေးကျင်းပဘို့နှင့်အခြားလူမှုရေးလုပ်ငန်းများအတွက် အသုံးပြုသွားမည်ဖြစ်သောကြောင့်ဤ(၁၃)ပတ်အလှူငွေများအားဖြင့် ပါဝင်ဆက်ကပ်လှူဒါန်းသွားဘို့ ဖိတ်ခေါ်ပါသည်။ ထိုကျောင်းတော်ကြီးသည် လှပသောအနာဂတ်တွင် တောင်ထိပ်မှ ဆီမီးသဖွယ်ထွန်းလင်းသွားမည်ဖြစ်ပါသည်။

ထို့အပြင် ယခု(၁၃) ပတ်အလှူငွေဖြင့် ရီဝမ်ဒါ ယူနီယံတွင်ရှိသော အသင်းတော်ပေါင်း ၁၄၀၀ ကျော်ထဲမှ ကလေးငယ်များကို ဧဝံဂေလိလုပ်ငန်းများတွင်ပါဝင်လုပ်ဆောင်နိုင်ဘို့ သင်တန်းများပေးရန် လိုအပ်သည့်တန်ဆာပလာများအသုံးအဆောင်များဝယ်ရန် အတွက်အသုံးပြုသွားမည်ဖြစ်ပါသည်။

**စကားပြောသူ** ။ ။ရီဝမ်ဒါ နိုင်ငံနှင့် ဘူရန်တီ နိုင်ငံမှ ယုံကြည်သူများကအာဖရိကတိုက်ရှိ အမှုတော်လုပ်ငန်းများကိုဆုတောင်းခြင်းအလှူငွေအားဖြင့်မစခြင်းများကိုမျှော်လင့်နေကြပါသည်။ ယခု(၁၃)ပတ်စီမံကိန်းများတွင် ပါဝင်ဆက်ကပ်ကြသောတကမ္ဘာလုံးမှ ဥပုသ်စာဖြေအသင်းသားများကိုအထူးကျေးဇူးတင်ပါသည်။ ရီဝမ်ဒါ အစိုးရကလည်းလူငယ်များပညာရေးတိုးတက်မြင့်မားလာဘို့ ဆရာများကိုလစာပေးငှားရန်းကာအစိုးရကျောင်းများ၊ပုဂ္ဂလိကကျောင်းများကိုထောက်ပံ့ကူညီပေးလျှက်ရှိရာ ထိုအထဲတွင် သတ္တမနေ့အသင်းတော်ကျောင်းများလည်းပါဝင်ပါသည်။ ရီဝမ်ဒါနိုင်ငံရှိ ကလေးသူငယ်များကိုပညာရေးစရိတ်အခမဲ့ထားပေးမည်ဖြစ်သည့်အပြင်မိဘများမှာအလွန်ဆင်းရဲသဖြင့်ကျောင်းဝတ်စုံများကို မိမိကလေးငယ်များအတွက် မဝယ်ပေးနိုင်သောကြောင့် ကျွန်ုပ်တို့အသင်းတော်ကျောင်းများတွင် ဝတ်စုံများချုပ်ပေးဘို့ရန် အလှူငွေအချို့ကိုအသုံးပြုသွားပါလိမ့်မည်။ ကယ်တင်ရှင်၏မေတ္တာတော်ကိုအသင်းတော်ကျောင်းများမှတဆင့်သိရှိသွားနိုင်ဘို့ရန်ဖြစ်ပါသည်။

ယနေ့ကောက်ခံရရှိမည့်(၁၃)ပတ်အလှူငွေထဲမှ ၂၅%ကို ထိုစီမံကိန်းများ၌အသုံးပြုသွားမည်ဖြစ်ပြီး ကျန်သည့် ၇၅%နှင့် ၁၂ ပတ်အတွင်းကောက်ခံရရှိသောအလှူငွေများကို ကမ္ဘာတဝှမ်းလုံးရှိ ဘုရားရှင်အမှုတော်လုပ်ငန်းများအတွက်အသုံးပြုသွားမည်ဖြစ်ပါသည်။

-----o-----